# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် မတ် ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**


**ပြင်စလူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ 150 W FM လွှင့်စက်ဖြင့် ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိ** — ပြည်တွင်းသတင်း | စာ ၅

**အာလူးစိုက်တောင်သူတွေ ပျော်နေကြပြီ** — ဆောင်းပါး | စာ ၁၀

**တိုင်းပြည်အကျိုးစီးပွားတိုးတက်ဖို့ နှောင်းစာရင်းစစ်ဆေးကြစို့** — ဆောင်းပါး | စာ ၁၇


**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ အတွက် စာမေးပွဲအထောက်အကူပြု ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြပါရှိ ပါသည်။

# မြစ်ချောင်းများနှင့် ပင်လယ်ပြင် ပလတ်စတစ်အမှိုက်သရိုက် ကင်းစင်ရေး

မိမိတို့နိုင်ငံသည် သဘာဝအလျောက် ဖြစ်တည်နေသည့် မြစ်ချောင်းအင်းအိုင်များ များပြားစွာတည်ရှိနေခြင်းကြောင့် ရေအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲလာခြင်း၊ သစ်ပင်သစ်တောများ ပြုန်းတီးလာခြင်းနှင့် ဓာတ်သတ္တုများရှာဖွေတူးဖော်ခြင်း စသောအကြောင်းအမျိုးမျိုးတို့ကြောင့် သဘာဝရေအရင်းအမြစ်များစွာတို့ ပျက်စီးပျောက်ကွယ်လျက်ရှိသည်။ ထို့အပြင် အမှိုက်များ၊ မိလ္လာနှင့် ရေဆိုးများကို မြစ်နားချောင်းနားတစ်လျှောက် ကျေးရွာများက မြစ်ချောင်းများအတွင်း မဆင်မခြင် စွန့်ပစ်ကြခြင်းကြောင့်လည်း မြစ်ရေ၊ ချောင်းရေများ ညစ်ညမ်းရပြီး ရေစီးရေလာအပေါ် ထိခိုက်မှုများလည်း ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သော ဧရာဝတီမြစ်နှင့် ရန်ကုန်မြစ်အတွင်းသို့ နေ့စဉ် ပလတ်စတစ်စွန့်ပစ်ပစ္စည်း စုစုပေါင်း ၁၁၉ တန်ခန့် စီးဝင်နေပြီး မြစ်အတွင်းသို့ ပလတ်စတစ်စွန့်ပစ်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ဟု သိရသည်။ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ မြို့ရွာများမှ စွန့်ပစ်လိုက်သော အမှိုက်များနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ၂၀၂၁ ခုနှစ် ကမ္ဘာ့အညစ်ညမ်းဆုံး မြစ် ၁၀ စင်းစာရင်းတွင် မြန်မာနိုင်ငံမှ ဧရာဝတီမြစ်သည်လည်း ပါဝင်သွားခဲ့သည်။ စိုက်ပျိုးရေးနှင့် လူအများသုံးစွဲရန် မှီခိုအားထားကြရသည့် မြစ်ရေချောင်းရေများမှာ ပလတ်စတစ်များအပါအဝင် အမှိုက်သရိုက်များ၊ ဓာတုညစ်ညမ်းမှုများ၊ ဇီဝညစ်ညမ်းမှုများ စသည်တို့အပါအဝင် လူတို့စည်းကမ်းမဲ့မှုနှင့် မဆင်ခြင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှုများပါဝင်နေမှုကို စနစ်တကျ ထိန်းချုပ်၍ ရေအရင်းအမြစ်ကောင်းများ ပြန်လည်ဖြစ်ပေါ်လာစေရန် ပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စွန့်ပစ်ပလတ်စတစ်များသည် နှစ်ရာထောင်ချီ၍ မကြေမပျက် တည်ရှိနေနိုင်ပြီး သမုဒ္ဒရာနှင့် မြေဆီလွှာများအတွင်း တည်ရှိနေကာ ရေထုညစ်ညမ်းမှုနှင့် မြေထုညစ်ညမ်းမှုတို့ ဖြစ်စေနိုင်သည်။ ရေနေသတ္တဝါများ၊ ငှက်များနှင့် နို့တိုက်သတ္တဝါများတွင်လည်း ပလတ်စတစ်အမှိုက်မျိုးစုံတို့ကြောင့် အန္တရာယ်ကျရောက်မှုများစွာ ဖြစ်ပေါ်ရပြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အဏ္ဏဝါဂေဟစနစ်များကိုလည်း ခြိမ်းခြောက်လျက်ရှိသည်။ လေ့လာမှုများအရ ဧရာဝတီမြစ်နှင့် ရန်ကုန်မြစ်တို့တွင် တန်ချိန်ရာနှင့်ချီ၍ နေ့စဉ်ပစ်နေသည့် ပလတ်စတစ်ပစ္စည်းများတွင် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ၊ ပလတ်စတစ်ထုပ်ပိုးခွံများ၊ ကြွပ်ကြွပ်အိတ်များ၊ ဖော့ဘူးခွံများ အများဆုံးပါဝင်နေသည်ဟု သိရသည်။ စွန့်ပစ်ပလတ်စတစ်များမှ ဖြစ်ပေါ်လာသည့် မိုက်ခရိုပလတ်စတစ်အမှုန်များမှာ ပင်လယ်သမုဒ္ဒရာများမှသည် ကမ္ဘာ့လေထုအတွင်း၌လည်းကောင်း၊ နှင်းဖုံးတောင်တန်းများပေါ်မှ နှင်းများထဲ၌လည်းကောင်း၊ လူ့ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများနှင့် ဦးနှောက်တွင်း၊ မျိုးပွားအင်္ဂါတွင်းများအထိ၌ပင် တွေ့ရှိနေရပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် ပလတ်စတစ်ပစ္စည်းအမျိုးပေါင်းများစွာတို့ကို တန်ချိန်သန်းပေါင်း ရာနှင့်ထောင်နှင့်ချီ၍ ထုတ်လုပ်သုံးစွဲနေကြသလို အလွယ်တကူလည်း စွန့်ပစ်နေကြသည်။ ပျမ်းမျှအားဖြင့် တစ်မိနစ်လျှင် ပလတ်စတစ် အိတ်ပေါင်း တစ်ကုဋေခန့် သုံးစွဲနေပြီး တစ်သန်းခန့် စွန့်ပစ်နေသည်ဟုလည်း ဆိုသည်။ ပလတ်စတစ်သည် မစွန့်ပစ်ဘဲ ထပ်မံအသုံးပြုခြင်း (Reuse)၊ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်း (Recycle) တို့ ပြုလုပ်နိုင်သော်လည်း အများစုမှာ စွန့်ပစ်ခံလိုက်ကြရခြင်းဖြစ်သည်။ မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာများသို့ ရောက်ရှိသွားသည့် ပလတ်စတစ်များမှာ ရေထုဖိအား၊ နေရောင်ခြည် စသည့်သဘာဝအားတို့ကြောင့် မိုက်ခရိုပလတ်စတစ်များ ကွဲထွက်သွားခြင်း၊ မိုက်ခရိုပလတ်စတစ်များကို ငါးနှင့် ရေသတ္တဝါများက စားသုံးခြင်း၊ ယင်းတို့ကို လူသားက စားသုံးခြင်းတို့ဖြင့် ရက်သတ္တတစ်ပတ်လျှင် လူတစ်ဦး ပလတ်စတစ် ငါးဂရမ်ခန့် လူသားတို့ စားသုံးမိနေကြရာ မိမိတို့ စွန့်ပစ်လိုက်သည့် ပလတ်စတစ်များ မိမိတို့ပြန်စားသုံးနေကြရခြင်းပင် ဖြစ်သည်။

မြစ်များ၊ ချောင်းများအတွင်း အမှိုက်များနှင့် ပလတ်စတစ်များ မစွန့်ပစ်စေရန်အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်ခြင်းများ ပြုလုပ်ခြင်း၊ မြစ်ချောင်းကမ်းပါးတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့မြစ်၊ ချောင်းများ ပြန်လည်သန့်ရှင်းစင်ကြယ်ရေး၊ မြန်မာ့ပင်လယ်ပြင် သန့်ရှင်းစင်ကြယ်ရေးအတွက် အမျိုးသားရေးအသွင် လှုပ်ရှားဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှု စီရင်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၅/၂၀၂၄ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၇၉/၂၀၂၄ (မန္တလေး)၊ ၈၁/၂၀၂၄ (မကွေး)၊ ၈၂/၂၀၂၄ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှု တို့ကိုစီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၆/၂၀၂၄ (ကရင်)၊ ၁၇/၂၀၂၄ (ရန်ကုန်)၊ ၁/၂၀၂၅ (မန္တလေး) နှင့် ၂/၂၀၂၅ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၃ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၄၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ကျောင်းကုန်းမြို့၌ မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ကျောင်းကုန်း မတ် ၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခန့်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုက နှစ်စဉ်တပေါင်းလပြည့်နေ့ကို “မြန်မာ့သနပ်ခါးနေ့” အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုနှင့်ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က သနပ်ခါးအပေါ်ချစ်မြတ်နိုးမှု၊ အသုံးပြုပုံတို့ကို ပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်မင်းမြတ်ဟန်က သနပ်ခါး၏ ဆေးဖက်ဝင်ပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာအမျိုးသမီးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လက်တွေ့သနပ်ခါးသွေးကာ သနပ်ခါးလိမ်းခြယ်ခြင်းသရုပ်ပြခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

◆ *ရွှေ့ဖုံးမှ*

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဦးဆောင်သည့် မြန်မာအဆင့် မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူး ကြီး စိုးဝင်း၊ ကောင်စီအတွင်းရေး မှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာ ရှိကြီးများ၊ နေပြည်တော် တိုင်းစစ် ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံ ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြ သည်။

**ခရီးစဉ်တွင် လိုက်ပါသွား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး မှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိ သူများ ခရီးစဉ်တွင် လိုက်ပါသွား ကြသည်။

**ဆွေးနွေးသွားမည်**

ခရီးစဉ်အတွင်း ရုရှား ဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော် ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေး ခြင်းများအပါအဝင် ရုရှားအစိုးရ အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးခြင်းများကို ဆောင်ရွက် သွားမည်ဖြစ်ပြီး ချစ်ကြည်ရေး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများ နှင့် ကဏ္ဍပေါင်းစုံတွင် မဟာ ဗျူဟာမြောက် ပူးပေါင်းဆောင် ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမို တိုးတက်ခိုင်မာအောင် ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင် သည့် မြန်မာအဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr, Maxim Reshetnikov၊ ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ် လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ် ကြီး H.E. Mr. Iskander Azizov၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့က ကြိုဆို နှုတ်ဆက်ကြသည်။

**အလေးပြုခြင်းကိုခံယူ**

လေဆိပ်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော် အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့်နိုင်ငံ့ခေါင်းဆောင် များအား ကြိုဆိုသည့် အစဉ်အလာ နှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်း ကို ခံယူသည်။ ထိုသို့ ဆောင်ရွက် စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံ တော်သီချင်းများအား တီးမှုတ် ဂုဏ်ပြု အလေးပြုကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr, Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr, Maxim Reshetnikov အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များဖြင့် မိတ်ဆက်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) တို့ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာသို့ ရောက်ရှိကြပြီး သဒ္ဓမ္မဇောတိက သိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အစ္စရိယအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့် သွားလာရေးအခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာအတွက် လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် ပတ်သက်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေး ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တရားတော်များ နာယူကြည်ညိုကြသည်။

## နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းထိုင်ဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်တို့အား နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာအား ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ်၊ ပါမောက္ခ မဟာဌာနမှူး ဓမ္မဒူတ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒတို့၏ ဩဝါဒကိုခံယူ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား အမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ရုရှားနိုင်ငံတွင် ပညာတော်သင် ရောက်ရှိလျက်ရှိသည့် သင်တန်းသားမိသားစုများ ပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် စတင်စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချ အခမ်းအနားကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရ၌ ရဟန်းရှင်လူများ စိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် သီတဂူဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရဟန်းရှင်လူ ပြည်သူအများ၊ ရုရှားနိုင်ငံရောက် ပညာတော်သင် သင်တန်းသားအရာရှိများ စုပေါင်း၍ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များ သာသနာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးထားရသည့် နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိက သိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအစ္စရိယ ထံ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးက ရုရှားနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ယခုနှစ်တွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးသည် (၇၇) နှစ် ပြည့်မြောက်ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်သွယ်ဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြား

## လက်ရှိကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် နိုင်ငံတကာတွင် သတ်မှတ်ကျင့်သုံးနေသည့် စံများနှင့်ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေအနေများနှင့်လည်း လိုက်လျောညီထွေမှုရှိရန်လို

**နေပြည်တော် မတ် ၃**

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ၂၀၂၃ ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ၊ ၂၀၂၄ ခုနှစ်တွင် တီထွင်မှု မူပိုင်ခွင့်ဥပဒေများ အာဏာသက်ဝင်နိုင်ခဲ့ပါကြောင်း၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် စာပေအနုပညာဖန်တီးမှုများကို မြှင့်တင်နိုင်စေရန် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ တီထွင်ဖန်တီးသူ ပညာရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကိုလည်း အခြားသော ဒေသတွင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ စတင်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် နိုင်ငံတကာတွင် သတ်မှတ်ကျင့်သုံးနေသည့် စံများနှင့်ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေအနေများနှင့်လည်း လိုက်လျောညီထွေမှုရှိရန် လိုအပ်ပါကြောင်း။

**ကျရာကဏ္ဍများမှကြိုးပမ်း**

နိုင်ငံတော်တွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကျရာကဏ္ဍများမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များအား မူပိုင်ခွင့်အသိပညာပေးခြင်း၊ တီထွင်ဖန်တီးလိုစိတ်များ မြင့်မားစေရန် အားပေးလှုံ့ဆော်ခြင်း၊ တက္ကသိုလ်၊ သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန်အတွက် MSME လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တွင် တည်ဆောက်နေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကို အကျိုးပြုနိုင်စေရန် အသုံးချနိုင်မည့် စနစ်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပြင်စလူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ 150 W FM လွှင့်စက်ဖြင့် ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် မတ် ၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပြင်စလူစက်ရုံတွင် FM လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း (90.2 MHz) ဖြင့် MRTV FM ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ထိုသို့ ထုတ်လွှင့်လျက်ရှိရာ ပြင်စလူမြို့ပေါ်ရပ်ကွက် ၁၊ ၂ နှင့် ၃ တို့မှလည်းကောင်း၊ အရှေ့ဘက် အရာတော်ငူ၊ သောင်လေး၊ ရေချိုကန်၊ ကွင်းပေါက်၊ အိုင်မ၊ အမတ်ကလေး၊ အမတ်ကြီးကျေးရွာများမှလည်းကောင်း၊ အနောက်ဘက်တွင် ထန်းပင်ကုန်း၊ ကုန်းကြီး၊ ကွင်းယား၊ အဝကား၊ နံ့သာကုန်း၊ သပြေချိုင်၊ ကံကြီးဒေါင့်ကျေးရွာများမှလည်းကောင်း၊ တောင်ဘက်တွင် လေယာဉ်ကွင်း၊ ဝါးဘိုးကုန်း၊ ကျားချောင်း၊ အောင်လှိုင်ကျေးရွာများမှလည်းကောင်း၊ မြောက်ဘက်တွင် ဘိုးသက်ရှည်၊ လွစာ၊ ရေကျော်ဝ၊ နောက်ဖေးကုန်းကျေးရွာများမှလည်းကောင်း အသံကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ဗဟန်းမြို့နယ်၌ အသည်းရောင်အသားဝါ(အေ)ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**ရန်ကုန် မတ် ၃**

ဗဟန်းမြို့နယ်၌ အသည်းရောင်အသားဝါ(အေ)ရောဂါကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက အသည်းရောင်အသားဝါရောဂါအကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာများဖြစ်သည့် ကူးစက်နိုင်သည့်နည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ သတိပြုရမည့်အချက်များ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက အသည်းရောင်အသားဝါ(အေ)ရောဂါကြိုတင်ကာကွယ်ရေးအတွက် သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**အောင်မြင့်(ပြန်/ဆက်)**

---

## တောင်သူနှီးနှောဖလှယ်ပွဲနှင့် စိုက်ပျိုးရေးထုတ်ကုန်ပြပွဲတွင် သမဝါယမအသင်းများ၏ထုတ်ကုန်များ ခင်းကျင်းပြသ

**တောင်ကြီး မတ် ၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သူနှီးနှောဖလှယ်ပွဲနှင့် စိုက်ပျိုးရေးထုတ်ကုန်ပြပွဲ အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ထုတ်ကုန်ပြပွဲတွင် သမဝါယမအသင်းထုတ်ကုန်များဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း)သမဝါယမအသင်းစုချုပ်မှ ဗေဒါသဘာဝမြေဩဇာ၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစု စွမ်းထက်သဘာဝမြေဩဇာ၊ ရပ်စောက်မြို့နယ် နောင်မှိုင်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ထုတ်လုပ်သည့် SR-456 ရွှေရင်အေးစပါးမျိုး၊ ရေဆင်း ၁၄ ပဲပုပ်မျိုးစေ့၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစု ရေဆင်း-၁ စပ်မျိုးနေကြာ၊ စိန်ရတာမျိုးစေ့ထုတ် သမဝါယမအသင်းမှ ထုတ်လုပ်သော ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့၊ ဒေသမျိုး ပဲပုပ်စေ့၊ ရွာငံမြို့နယ်သမဝါယမအသင်းစုမှ ကော်ဖီနှင့် ဟိုပုံးမြို့ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ကော်ဖီများ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးဒုတိယနေ့ ကျင်းပ

**ရန်ကုန် မတ် ၃**

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့်ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစန၊ ဧရာဝတီတိုင်း... ဧရာဝတီ ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရ၊ ရခိုင်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒာဝုဓတို့က လည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဉာဏိက၊ မဟာဒွါရဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဓရ ဝိနယဝိဒူ ဘဒ္ဒန္တမေတ္တာနန္ဒ၊ မွန်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒတို့က လည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒဝံသ၊ အနောက်ချောင်းဒွါရဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒြိယဉာဏာဘိဝံသ၊ ရှမ်းပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏတို့ကလည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာစရိယတို့က ပြန်လည်ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် လုပ်ထုံးလုပ်နည်းစသည်များ စိစစ်ပြင်ဆင်ရေးအဖွဲ့ဖွဲ့စည်းနိုင်ရေးကိစ္စကို အခမ်းအနားမှူးဆရာတော်က လျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူပြီး ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ကွယ်လွန်သူ ဗိုလ်ကြီးတင်ဌွေး (ငြိမ်း) အား ရည်စူး၍ ဇနီး ဒေါ်တိုးတိုး၊ သား- ဦးကျော်ဖုန်းဝင်း(အကောက်ခွန်မှူး)၊ ဦးမျိုးကျော်ကျော် (သသန)+ ဒေါ်အိသူဇာကို (သသန)၊ မြေး - မယွန်းပန်းမြတ်ဟေသီ၊ မောင်ကျော်ဇင်ဟိန်း မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

---

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Christine Arab အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂအမျိုးသမီးအဖွဲ့ (UN Women) ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Christine Arab အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UN Women က ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် UN Women တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



---

## လက်တွေ့နယ်ပယ်၌ အသုံးချနိုင်မည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းဖွင့်လှစ်

**နေပြည်တော် မတ် ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။



ဖွင့်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် ရဲနိုင်မျိုး(ငြိမ်း) နှင့် တာဝန်ရှိသူများ၊ လူငယ်ရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်အနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" စသည့် ဦးတည်ချက်များချမှတ်၍ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် ပညာရပ်များကိုအခြေခံပြီး လက်တွေ့နယ်ပယ်တွင် အသုံးချ၍ အတွေ့အကြုံများဖြင့် ကိုယ်ရည်ကိုယ်သွေးတိုးတက်စေရန်နှင့် မိမိတတ်ကျွမ်းထားသည့် ပညာရပ်များကို တစ်ပါးသူအား ပြန်လည်မျှဝေပေးနိုင်ရေး ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။

သင်တန်းကို မတ် ၃ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ နည်းပြနှစ်ဦးက သင်တန်းသား ၃၀ တို့ကို သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့သည် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တာဝန်ခံအရာရှိက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြ၍ တိုင်းရင်းသားရေးရာဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာ ကိစ္စရပ်များဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ထမ်းများက အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀ ကို တိုင်းရင်းသားရေးရာဝန်ကြီးထံပေးအပ်၍ ညွှန်ကြားရေးမှူးရုံးအတွင်း ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညွှန်ကြားရေးမှူးရုံးအတွင်း ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

**လွိုင်ကော် မတ် ၃**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၅ ခုနှစ် နွေရာသီ အခြေခံအားကစား သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အားကစားနှင့် ကာယပညာ သိပ္ပံ (လွိုင်ကော်) စုပေါင်းလေ့ကျင့်ရေး ခန်းမ၌ ကျင်းပသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ အနေဖြင့် နွေရာသီကျောင်း အားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ မိမိတို့ ဝါသနာပါရာ အားကစားနည်းများကို အခြေခံမှစ၍ စနစ်တကျ လေ့ကျင့် သင်ကြားနိုင်ရန်နှင့် နားလည် တတ်ကျွမ်းသည်အထိ ဆက်လက်ကြိုးစား လေ့ကျင့် သင်ယူပြီး နိုင်ငံတော်နှင့် ပြည်နယ်အတွက် တန်ဖိုးရှိသော လူ့စွမ်းအား အရင်းအမြစ်ကောင်းများ၊ ထူးချွန် အားကစားသမားကောင်းများ၊ လူချွန်လူကောင်းများ ဖြစ်ရန် ဆက်လက်ကြိုးစား ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသူ သင်တန်းသားများ သင်တန်းကာလ အာဟာရဖြည့်စွက်စာ စရိတ်နှင့် လိုအပ်သည်များ အသုံးပြုနိုင်ရန် ချီးမြှင့်ငွေများ၊ နည်းပြဆရာများအတွက် ချီးမြှင့်ငွေများ၊ အားကစား လေ့ကျင့်ရေးအကျီများ ပေးအပ်ရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး၊ နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူကိုယ်စားလှယ်များက လည်းကောင်း၊ ပြည်နယ်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က အားကစားအထောက်အကူပြုပစ္စည်းများနှင့် အားကစားလေ့ကျင့်ရေးအကျီများ ပေးအပ်ရာ သင်တန်းသား သင်တန်းသူကိုယ်စားလှယ်များက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို အားကစားနည်း ၁၀ မျိုး၊ သင်တန်းသား ၅၀၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၁) နှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာ မူလတန်းအဆင့် Grade-5 နှင့် အခြေခံပညာ အလယ်တန်းအဆင့် Grade - 9 အတန်းတင်စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲကာလ ပြီးဆုံးသည်အထိ အောင်မြင်စွာ ဖြေဆိုနိုင်ရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လစ်ဟင်းမှုမရှိစေရေး အလေးထားဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)ရှိ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

**ရန်ကုန် မတ် ၃**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ ပိုလီယို(အရိုင်းပိုး) ကင်းစင်ပပျောက်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် အသက်နှစ်လမှ ငါးနှစ်အတွင်း ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး(အစက်ချ)တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ ဆောင်ရွက်သည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းမာဦးဆောင်သည့် ဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကလေး ၂၀၀၂၁ ဦးအား တိုက်ကျွေးနိုင်ခဲ့သည်။ ဒုတိယအကြိမ်တိုက်ကျွေးခြင်းကို မတ်လစတုတ္ထပတ်တွင် ကလေးငယ် ၂၅၆၉ ဦးအထိ ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်သည်။

**ကျော်သန်း(ပြန်/ဆက်)**

# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၂/ ၂၀၂၅) ကျင်းပ

## လူငယ်များအကြား ရေပန်းစားလျက်ရှိသည့် E-cigarette၊ Vape အစရှိသည်များနှင့်ပတ်သက်၍ ဥပဒေအရထိန်းချုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် မတ် ၃

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပသည်။**

ဦးစွာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါ စသည့် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး မကူးစက်နိုင်သော ရောဂါများဖြစ်ပွားသေဆုံးမှုသည် ကမ္ဘာတစ်ဝန်းတွင် ကပ်ရောဂါအသွင်ဖြင့် တိုးတက်များပြားလာကာ ပြည်သူ့ကျန်းမာရေးကိုများစွာ ထိခိုက်စေပါကြောင်း။

အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ရန်အတွက် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေနှင့် ဒေသများထူထောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များအကြားတွင် ရေပန်းစားလျက်ရှိသည့် E-cigarette၊ Vape အစရှိသည့် အီလက်ထရွန်နစ်အငွေ့ရှူစက်များနှင့်ပတ်သက်၍လည်း ဥပဒေအရထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အမိန့်စာကို လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ ဒီပလိုမာသင်တန်းနှင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ်(၂) အပိုင်း(၁) (Diploma in International Public Sector Accounting Standards – Dip IPSAS) နှင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်း စံများဆိုင်ရာဒီပလိုမာသင်တန်း (Diploma in International Financial Reporting Standards–Dip IFRS) အမှတ်စဉ် (၂) အပိုင်း(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် စာရင်းပညာကျွမ်းကျင်သူ၊ စာရင်းပညာရှင်နိုင်ငံ့ဝန်ထမ်းများ အချိုးညီတိုးပွားလာစေရန်နှင့် စာရင်းပညာပြန့်ပွားစေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် IPSAS နှင့် IFRS စာရင်းစံများနှင့် စပ်လျဉ်းသည့် အသိပညာ ဗဟုသုတများနှင့် မိမိဌာန၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် လက်တွေ့အသုံးချ လိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံစာများကို ရေးဆွဲနိုင်ကြမည်ဖြစ်ပါကြောင်း။

သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် သင်တန်းအပိုင်း သုံးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ပြီး အပိုင်းတစ်ခုချင်းစီအလိုက် သင်တန်းတက်ရောက် အောင်မြင်သူများကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အပိုင်း (၃) အထိ တက်ရောက် အောင်မြင်သူများကို ဒီပလိုမာအောင်လက်မှတ်ချီးမြှင့် ပေးအပ်သွားမည်ဖြစ်သည့်အတွက် ဘွဲ့လွန်ဒီပလိုမာရရှိစေရေး ဖွဲလုံ့လရှိစွာ အစဉ်တစိုက် လေ့လာသင်ယူ ကြိုးစားစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နေပြည်တော် သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

IPSAS သင်တန်းတွင် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံကိုးခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ငါးဦး၊ ဝန်ကြီးဌာန ၁၆ခုမှ ၃၄ ဦး စုစုပေါင်း သင်တန်းသား ၃၉ ဦး၊ IFRS သင်တန်းတွင် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၁ ခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ၁၅ ဦး၊ ဝန်ကြီးဌာန ၂၂ ခုမှ ၃၉ ဦး စုစုပေါင်း သင်တန်းသား ၅၄ ဦး တက်ရောက်မည်ဖြစ်သည်။ IPSAS သင်တန်းကို မတ် ၃ ရက်မှ မေ ၁၉ ရက်အထိနှင့် IFRS သင်တန်းကို မတ် ၃ ရက်မှ မေ ၅ ရက်အထိ သင်တန်းကာလနှစ်လကျော်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ လည်းကောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံးမှတာဝန်ရှိသူများက အွန်လိုင်းမှလည်းကောင်း တက်ရောက်ကြသည်။ **သတင်းစဉ်**

# တောင်ငူခရိုင်လူထုအခြေပြုဗဟိုဌာန၌ အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းများအခမဲ့ဖွင့်လှစ်



**တောင်ငူ မတ် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီတွင် ကျောင်းသား ကျောင်းသူများ အတတ်ပညာများကို အကျိုးရှိစွာ လေ့လာနိုင်ရေး အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၃) ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒေါ်ခင်သန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်း၌ သင်တန်းနည်းပြဆရာ ဦးသန့်ဇင် (Free Lancer) က အခြေခံအင်္ဂလိပ်ဘာသာစကား (Speaking) ကို သင်ကြားပို့ချပြီး တောင်ငူမြို့နယ် ပန်းချီပန်းပု အစည်းအရုံးနာယက ပန်းချီဆရာ ဦးစိုးမြင့်လေး (တောင်ငူ)က အခြေခံပန်းချီရေးဆွဲနည်းကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မတ် ၃ ရက်မှ ၂၁ ရက်အထိ အခမဲ့သင်ကြား ပို့ချသွားမည်ဖြစ်ပြီး အခြေခံ အင်္ဂလိပ်စကားပြောသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၆၁ ဦး၊ အခြေခံပန်းချီသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

● *ကျော်ဖုံးမှ*

ရှိတာကိုတော့ သိသူနည်းပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုအတွက် တန်ဖိုးဖြတ်လို့မရတဲ့ သမိုင်းအမွေအနှစ်ပုံတွေ ဖြစ်ပါတယ်”ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၊ ပြုပြင်ထိန်းသိန်းရေးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြုပြင်စောင့်ရှောက်လျက်ရှိပြီး အပယ်ရတနာဘုရားရှိ သနပ်ခါးလိမ်းခြယ်မှုဟန် ပါဝင်သည့် နံရံဆေးပန်းချီများကို မှတ်တမ်းပြုစုထားရှိပြီးဖြစ်သည်။

ထို့အတူ ၁၉၉၁ - ၁၉၉၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ စူဠာမဏိစေတီအတွင်းရှိ နံရံဆေးပန်းချီကားများအား သန့်စင်ချေးချွတ်ရာမှ သနပ်ခါးလိမ်းခြယ်နေသောပုံများကို တွေ့ရှိမှတ်တမ်းပြုစုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ယခုအခါ ဘုရား၊ စေတီ၊ ပုထိုးပေါင်း ၃၈၂၂ ဆူနှင့် တန့်ကြည်တောင်ဧရိယာ၌ ဘုရား၊ စေတီ၊ ဂူ ၁၅ ဆူ စုစုပေါင်း ၃၈၃၇ ဆူ တည်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ-ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)**



အေဒီ(၁၁)ရာစု ပုဂံခေတ်တွင် ရေးဆွဲထားသည့် အပယ်ရတနာဘုရား ဂန္ဓကုဋီတိုက် အရှေ့နံရံတွင် ပုဂံခေတ်သနပ်ခါးလိမ်းခြယ်နေသော နံရံဆေးပန်းချီကို တွေ့ရစဉ်။

## ပင်လုံမြို့ ပန်မုန့်ကမ္မဋ္ဌာန်းတိုက်၏ ရွှေရတုအထိမ်းအမှတ်ပွဲတော်ဖွင့်ပွဲကျင်းပ



**ပင်လုံ မတ် ၃**

ရှမ်းပြည်နယ် မူလမင်းကွန်းဇေတဝန် သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းတိုက်များ၏ (၅၉)ကြိမ်မြောက် မဟာသတိပဋ္ဌာန် ဓမ္မသဘင်ညီလာခံ နှစ်ပတ်လည် အစည်းအဝေးနှင့် ပင်လုံမြို့ ပန်မုန့်ကမ္မဋ္ဌာန်းတိုက်၏ ရွှေရတု အထိမ်းအမှတ်ပွဲတော်ဖွင့်ပွဲကို မတ် ၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ မူလမင်းကွန်းဇေတဝန် သာသနာ့မာရ်အောင် ပန်မုန့်ကမ္မဋ္ဌာန်းကျောင်းတိုက် နှစ်(၅၀) ပြည့် ရွှေရတုကျောင်းတိုက်သစ်ကို လွိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ပညာနန္ဒနှင့် ဆရာတော်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပွဲတော်မုခ်ဦးကို ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ (၅၉) ကြိမ်မြောက် မဟာသတိပဋ္ဌာန် ဓမ္မသဘင်ညီလာခံကို ကျင်းပရာ မြန်မာနိုင်ငံအတွင်းရှိ ကမ္မဋ္ဌာန်းတိုက် ၃၇ တိုက်မှ ကမ္မဋ္ဌာနာစရိယတရားပြဆရာများ၊ ပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့များ၊ ဓမ္မမိတ်ဆွေများ တက်ရောက်ကြပြီး မတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၇၂၇ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၇၀ ကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တရားမဝင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို ထပ်မံထိန်းသိမ်းထားစဉ်။



တရားမဝင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို ထပ်မံထိန်းသိမ်းထားစဉ်။



## စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပဉ္စမအကြိမ် ဂေါပကအဖွဲ့သစ် ဩဝါဒခံယူ

**အမရပူရ မတ် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး)ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပဉ္စမအကြိမ် ဂေါပကအဖွဲ့သစ်၏ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဘုရားပရိဝုဏ်အတွင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်)ဆရာတော် ဦးထုတိဝရထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်ကြီးထံ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ပဉ္စမအကြိမ် ဂေါပကအဖွဲ့သစ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်ကျော်ဦး(ငြိမ်း)က သာသနာရေးဆိုင်ရာများ ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား အမရပူရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အာလူးစိုက်တောင်သူတွေ ပျော်နေကြပြီ

**ကောက်ပဲသီးနှံများ လှိုင်လှိုင်ပေါ်ချိန်တွင် တောင်သူများဈေးနှိမ်ခံနေရခြင်းက အစဉ်အလာသဘောဖြစ်နေခြင်းသည် ငြင်း၍မရသော ပကတိအရှိတရား ဖြစ်နေပါသည်။ တောသူတောင်သားဘဝ အမြဲတမ်းလိုလို ငွေကြေးလိုအပ်ချက်ဖြစ်ပေါ်နေ၍ ပေါ်ပေါ်ချင်းရောင်းချလိုက်ရသကဲ့သို့ သီးနှံများအား အဆင့်မြင့်တာရှည်ခံ နည်းပညာနှင့် စက်ကိရိယာများမရှိ၍ ရောင်းချနေခြင်းက တောင်သူအများစု ကြုံတွေ့နေရခြင်းလည်းဖြစ်ပေသည်။**

K ဇင်သစ်(မန်းတက္ကသိုလ်)

စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် အရင်းကျေ အမြတ်အနည်းငယ်ရရှိနိုင်ရေး နေဝင်မိုးချုပ် တစ်အိမ်သားလုံး လုပ်ကိုင်နေကြရသော်လည်း ပွဲစား၊ ကုန်သည်များကတော့ စားသုံးသူကို မငဲ့ကွက်၊ သူတို့အတွက် အရင်း၏ထက်ဝက်ခန့် အမြတ်မကျန်လျှင် တုတ်တုတ်မျှမလှုပ်ဟု ဆိုရလောက်အောင် ဖြစ်ပျက်နေသည့် အခြေအနေကို ကြားသိနေရပြန်သည်။

### တောင်သူတွေဝင်ငွေတိုးဖို့

ခေတ်အဆက်ဆက် တောင်သူတွေဝင်ငွေတိုးဖို့၊ သူတို့၏လူမှုစီးပွားဘဝမြင့်မားဖို့ လုပ်ဆောင်ပေးလျက်ရှိရာ မျက်မှောက်ကာလတွင် အချို့သော တောင်သူများအနေဖြင့် လက်တွေ့အကျိုး ခံစားနေရသည်ကို တွေ့ရှိနေရပါသည်။ ယင်းတောင်သူအများစုကိုကြည့်လျှင် သမဝါယမအသင်းသားများ အဖြစ်ပါဝင်ပြီး သမဝါယမအသင်းက စီစဉ်ဦးဆောင်၍ စုပေါင်းရောင်းဝယ်၊ စုပေါင်းလုပ်ဆောင်၊ စုပေါင်းစိုက်ပျိုးကြကာ အသင်းသားများအကျိုး ရှေးရှု၍ အသင်းပိုင်ရင်းနှီးငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတို့ဖြင့် ခေတ်မီအဆင့်မြင့်သီးနှံတာရှည်ခံ အအေးခန်းသိုလှောင်ရုံများ တည်ဆောက်ကာ ဈေးကွက်ခိုင်မာမှုရှိသည့်အချိန်တွင် ဖြန့်ဖြူးရောင်းချခြင်းမျိုးကို ဆောင်ရွက်လျက်ရှိသည့် သမဝါယမအသင်း(၂)သင်း၏အခြေအနေကို စာရေးသူလေ့လာသိရှိရသလောက် မျှဝေပေးလိုပါသည်။

ယခင့်ယခင်က ဤအခြေအနေမျိုးမပေးသဖြင့် မည်သို့ပင် ကြိုးစားစိုက်ပျိုးစေကာမူ ဈေးကွက်ပျက်၍တစ်ဖုံ၊ ရာသီဥတုဖောက်ပြန်လို့ တစ်မျိုး၊ သဘာဝဘေးကတစ်သွယ်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာကတစ်နည်း အမျိုးမျိုးအဖုံဖုံ ကြုံတွေ့ကြရ၍ တောင်သူတို့ ဒုက္ခအစုံကြုံခဲ့ရသော်လည်း နောင်တရားဒေသ အာလူးစိုက်တောင်သူများခမျာ ပစ္စက္ခဘဝရှင်သန်ရပ်တည်မှုက အောင်မြင်မှုအလီလီဆွတ်ခူးနေရသည့်ပမာ တွေ့နေရပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားဒေသတစ်ဝိုက်တွင် တစ်နိုင်ငံလုံး အာလူးစိုက်ကေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သော စိုက်ကေ ၁၅၀၀၀ ကို စိုက်ပျိုးကာ အာလူးတန်ချိန် ၁၂၅၀၀၀ ခန့် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် သုံးကြိမ် စိုက်ပျိုးကြခြင်းကြောင့် စားသုံးသူများထံ တစ်နှစ်ပတ်လုံး ဖြန့်ဖြူးပေးနိုင်လျက်ရှိပါသည်။

အာလူးစိုက်ပျိုးသူတောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ခေတ်မီအာလူးစိုက်ပျိုးမှုနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များရရှိရေးကို ရည်ရွယ်၍ စန္ဒာခမ်းနောင်တရား အာလူးအစုအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် အသင်းသားတောင်သူ ၁၅၃၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံ၍ အာလူးအအေးခန်းစက်ရုံကို ၂၀၂၀ ပြည့်နှစ်တွင် တည်ဆောက်နိုင်ခဲ့ကြပါသည်။ တစ်ချိန်တည်းမှာပင် Naung Ta Yar Potato Group Co.,Ltd. ကို ထူထောင်ခဲ့ကြပါသည်။

၁၇-၆-၂၀၂၂ ရက်နေ့တွင် နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းကို ဖွဲ့စည်းခဲ့ပြီး Naung Ta Yar Potato Group Co.,Ltd. ၏ အအေးခန်းစက်ရုံနှင့် ချိတ်ဆက်၍ အသင်းသားများ စိုက်ပျိုးထွက်ရှိသော အာလူးများကို သတ်မှတ်နှုန်းထားပေး၍ သိုလှောင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင် အာလူးတန် ၃၄၀၀ နှင့် ၂၀၂၃ ခုနှစ် ရာသီပေါ်ချိန် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့် ဈေးကျချိန်တွင် တန်ချိန် ၄၈၀၀ ကို အအေးခန်းစက်ရုံတွင် သိုလှောင်ခဲ့ကြပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ပေါက်ဈေးရောက်ရှိချိန်တွင် ဖြန့်ဖြူးရောင်းချနိုင်ခဲ့ခြင်းကြောင့် အသင်းသားတောင်သူများ ဝင်ငွေပိုမိုတိုးမြှင့်ရရှိကာ ယင်းတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို များစွာအထောက်အကူပြုနိုင်ခဲ့ကြောင်း သိရှိရပါသည်။



နောင်တရားသဘာဝမြေဩဇာစက်ရုံမှ မြေဩဇာများ ထုတ်လုပ်ထားမှုကို တွေ့ရစဉ်။

### ဝမ်းမြောက်ဖွယ်

နောင်တရားအာလူးအစုအဖွဲ့ကုမ္ပဏီ (Naung Ta Yar Potato Group Co.,Ltd.)နှင့် နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းတို့ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် နောင်တရားဒေသ အာလူးစိုက်တောင်သူများ အပြုံးပီတိဖုံးနေကြသည်က ဝမ်းမြောက်ဖွယ်ဖြစ်မိပါသည်။

နောင်တရားဒေသ၌ အာလူး၊ ငရုတ်၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်စသည့် နှစ်တိုသီးနှံများ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲမှုများကြောင့် မြေဆီလွှာခန်းခြောက်ပျက်စီးခြင်း၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကျဆင်းခြင်း၊ စားသုံးသူများ ကျန်းမာရေးလုံခြုံမှုမရှိခြင်းစသည့် ဆိုးကျိုးများ ခံစားနေကြရခြင်းကို ကျော်လွှားနိုင်ရေး၊ ဓာတုကင်းစင်နယ်မြေ ပြန်လည်ဖြစ်တည်လာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း၍ စားသုံးမှုလုံခြုံစေရေးတို့ကို ဦးတည်၍ ဆောင်ရွက်နိုင်ရန် အာလူးစိုက်တောင်သူများ တန်ဖိုးသင့်သဘာဝမြေဩဇာများ သုံးစွဲလာနိုင်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျပ်သန်း ၁၀၀၀ ထောက်ပံ့ကြေးငွေရယူ၍ နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းသည် သဘာဝမြေဩဇာစက်ရုံကြီးကို ၃၁-၃-၂၀၂၄ ရက်နေ့တွင် စမ်းသပ်လည်ပတ်နိုင်ခဲ့ပြီး အသင်းသားနှင့် အခြားတောင်သူများကို စက်ရုံထုတ် နောင်တရားသဘာဝမြေဩဇာများ ရောင်းချဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရပါသည်။

အာလူးစိုက်ခင်းများတွင် သဘာဝမြေဩဇာများ အသုံးပြုလာခြင်းကြောင့် စားသုံးသူပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရပြည့်ဝသော အာလူးများကို စားသုံးနိုင်ကြတော့မည်လည်းဖြစ်ပါသည်။ နောင်တရားဒေသ အာလူးအပါအဝင် နှစ်တိုသီးနှံစိုက်ပျိုးနေကြသော တောင်သူများအနေဖြင့် သမဝါယမအသင်းသားများအဖြစ် ပါဝင်လျက်ရှိနေခြင်းကြောင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကြပြီး အသင်းသားအကျိုး အပြည့်အဝခံစားကြရခြင်းနှင့်အတူ သမဝါယမအသင်းကြီး၏ ရေရှည်စဉ်ဆက်မပြတ်အောင်မြင်မှုများ ရှိနေနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

### ကုသိုလ်ရသည့်သီးနှံ

အာလူးကို လူတိုင်းစားသုံးကြလျက်ရှိရာ အသားများနှင့်ရော၍ ချက်ပြုတ်စားသောက်ကြသလို ကြော်၍တစ်မျိုး၊ ထောင်း၍တစ်ဖုံ၊ ပြုတ်-သုပ်၍တစ်ဖန် စားလေ့ရှိကြပါသည်။ စိုက်ပျိုးသူတောင်သူများအနေဖြင့် လူသားတို့၏ အာဟာရဖြစ်ရေးအတွက် ကုသိုလ်ရသည့်သီးနှံမျိုးကို စိုက်ပျိုးထုတ်လုပ်နေကြသည်ဟူ၍မှတ်ယူကာ ကုသိုလ်လည်းရ- ဝမ်းလည်းဝနေကြမည်ဖြစ်ပါသည်။

အာလူးစားသုံးခြင်းဖြင့် သွေးဖိအားကောင်းခြင်း၊ အရိုးနှင့် နှလုံးကျန်းမာရေး ကောင်းမွန်စေပြီး ခန္ဓာကိုယ်တွင်း ရောင်ရမ်းခြင်းကိုလည်း သက်သာစေနိုင်ပါသည်။ အစာခြေစနစ်ကောင်းခြင်း၊ ပေါင်ချိန်ထိန်းညှိပေးနိုင်ခြင်း၊ အရေပြားကျန်းမာရေး ကောင်းမွန်ခြင်း၊ ခုခံစွမ်းအားကောင်းမွန်ခြင်းနှင့် ကင်ဆာရောဂါကာကွယ်မှုတွင် ကူညီပေးခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်သည်ဟု သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။ အာလူးစိုက်ပျိုးခြင်းသည် လူသားတို့၏ ကျန်းမာရေးကို အထောက်အကူပြုနေသကဲ့သို့ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း သမဝါယမစနစ်ပုံစံဖြင့် ဆောင်ရွက်နေခြင်းကြောင့် တစ်ဦးချင်းစီဝင်ငွေတိုးကာ နောင်တရားဒေသမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်လည်း ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

**❖ နောင်တရားဒေသတစ်ဝိုက်တွင် တစ်နိုင်ငံလုံး အာလူးစိုက်ကေ၏ သုံးပုံတစ်ပုံခန့် ဖြစ်သော စိုက်ကေ ၁၅၀၀၀ ကို စိုက်ပျိုးကာ အာလူးတန်ချိန် ၁၂၅၀၀၀ ခန့် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် သုံးကြိမ် စိုက်ပျိုးကြခြင်းကြောင့် စားသုံးသူများထံ တစ်နှစ်ပတ်လုံး ဖြန့်ဖြူးပေးနိုင်**

**❖ ၂၀၂၂ ခုနှစ်တွင် အာလူးတန် ၃၄၀၀ နှင့် ၂၀၂၃ ခုနှစ် ရာသီပေါ်ချိန် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့် ဈေးကျချိန်တွင် တန်ချိန် ၄၈၀၀ ကို အအေးခန်းစက်ရုံတွင် သိုလှောင်ခဲ့ကြပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ပေါက်ဈေးရောက်ရှိချိန်တွင် ဖြန့်ဖြူးရောင်းချနိုင်ခဲ့ခြင်းကြောင့် အသင်းသားတောင်သူများ ဝင်ငွေပိုမိုတိုးမြှင့်ရရှိကာ ယင်းတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို များစွာအထောက်အကူပြုနိုင်ခဲ့**



ဆင်ဖြူကျွန်း အာလူးလယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ အအေးခန်းစက်ရုံအတွင်း အာလူးများ သိုလှောင်ထိန်းသိမ်းထားသည်ကို တွေ့ရစဉ်။

# မိုင်းတုံမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် စီးပွားရေးလုပ်ငန်းများအောင်မြင်



**မိုင်းတုံ မတ် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းတုံကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) မတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဝမ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူများအား ဆဋ္ဌမအကြိမ်မြောက် ရန်ပုံငွေကျပ် သိန်း ၁၁၀ အထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်လျက်ရှိသည်။

အဆိုပါစီမံကိန်း မတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက မတ် ၂ ရက်က ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားဆွေးနွေးသည်။ **မောင်ခိုင်**



## ကော့သောင်းမြို့၌ အဂတိကင်းစင်လုပ်ငန်းခွင်ဖြစ်စေရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးဟောပြော

**ကော့သောင်း မတ် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန(၄)ခုမှ ဝန်ထမ်းများအား အဂတိကင်းစင်လုပ်ငန်းခွင်ဖြစ်စေရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောဆွေးနွေးခြင်းများကို မတ် ၁ ရက်က ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။**(အပေါ်ပုံ)**

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ အဂတိလိုက်စားမှုကင်းစင်ရေး ဆောင်ရွက်ရမည့်အချက်များ ဥပဒေ၏ အရေးပါမှုနှင့် ဥပဒေနှင့်စပ်လျဉ်း၍ အခြေခံသိသင့်သည့်အကြောင်းအရာများ၊ ပြည်သူ့ဝန်ထမ်းများအား ဥပဒေအရအကာအကွယ်ပေးခြင်းနှင့် ပြည်သူ့ဝန်ထမ်းနှင့်သက်ဆိုင်သော ပြစ်မှုများ စသည်တို့ကို ဟောပြောဆွေးနွေးသည်။ အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကော့သောင်းခရိုင်နှင့်မြို့နယ်၊ ဘုတ်ပြင်းခရိုင်နှင့်မြို့နယ်မှ ဝန်ထမ်း ၃၅ ဦး တက်ရောက်သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ဆည်တက္ကသိုလ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူပြီး Unique ID များ ထုတ်ပေး

**စဉ့်ကိုင် မတ် ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စဉ့်ကိုင်မြို့နယ် ဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဉာဏ်စိုးနှင့် ဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက်



(Biometric) ကောက်ယူခြင်းနှင့် ဂဏန်း ၁၀ လုံးပါ Unique ID များ ထုတ်ပေးခြင်း လုပ်ငန်းများကို မတ် ၁ ရက်က ကျောက်ဆည်တက္ကသိုလ်၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကျောက်ဆည်တက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မှီခိုမိသားစုဝင်များကို ဂဏန်း ၁၀ လုံးပါ UID နံပါတ်များ ထုတ်ပေးခြင်း၊ e – Government အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်သည့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ မရှိသေးသော အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်များ လဲလှယ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**

## ကမာရွတ်မြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဒုတိယအကြိမ်ထောက်ပံ့

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်းသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဒုတိယအကြိမ် ပေးအပ်သည့် အခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် ကမာရွတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်သန်းက အမှာစကားပြောကြားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ပေးအပ်သည့် ထောက်ပံ့ငွေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပြည်သူစုစုပေါင်း ၂၇၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ထို့အတူ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်း အာလူးလယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသည်လည်း အာလူးမျိုးကောင်းမျိုးသန့်များကို အအေးခန်းစနစ်ဖြင့် ထိန်းသိမ်းသိုလှောင်နိုင်ရန် အအေးခန်းစက်ရုံကို ၉-၅-၂၀၂၄ ရက်နေ့တွင် ဆင်ဖြူကျွန်းမြို့ မြောက်ချောင်းဖြူကျေးရွာတွင် တည်ဆောက်ခဲ့ကြပါသည်။

အဆိုပါ သမဝါယမအသင်းမှာ အာလူးစိုက်တောင်သူ ၄၁ ဦးတို့က အစုရှယ်ယာထည့်ဝင်ငွေကျပ် သိန်း ၇၀၀၀၊ ခေတ္တချေးငွေကျပ်သိန်း ၇၆၀ နှင့် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျပ်သိန်း ၄၀၀၀ ရယူ၍ စုစုပေါင်းကျပ်သိန်း ၁၁၇၆၀ ရင်းနှီးမတည်ခဲ့ကြပါသည်။ တစ်ချိန်ကဆိုလျှင် ဆင်ဖြူကျွန်းနယ်တစ်ဝိုက် အာလူးစိုက်တောင်သူများအနေဖြင့် ထွက်ရှိအာလူးနှင့် မျိုးတို့အတွက် ရည်မှန်း၍ ဟဲဟိုး၊ နောင်တရားနှင့် အောင်ပန်းမြို့တို့ရှိ အာလူးအအေးခန်းစက်ရုံများသို့ နယ်ခြားမြေခြားခရီးဝေးကွာစွာ သွားရောက်သိုလှောင်ခဲ့ကြရပါသည်။

ယခုကဲ့သို့ အအေးခန်းစက်ရုံ တည်ဆောက်နိုင်ခြင်းကြောင့် မိမိဒေသတွင်သာ အာလူးမျိုးများထားရှိရသည့်အတွက် လိုအပ်သည့်အချိန်တွင် အလွယ်တကူ စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် အချိန်ကုန်သက်သာခြင်း၊ သယ်ယူရမည့်အချိန်နှင့် သယ်ယူစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများကို လက်တွေ့ခံစားနေကြရပြီဖြစ်ပေသည်။ ဆင်ဖြူကျွန်းနယ်တစ်ဝိုက် အာလူးစိုက်တောင်သူများ ကိုယ်စီပြုံးပျော်နေကြသည်ဟု သိရပါသည်။

ဆင်ဖြူကျွန်းဒေသတွင် အာလူးစိုက်ဧက ၈၀၀ ခန့်ရှိကာ တစ်နှစ်လျှင် အာလူးတန်ချိန် ၈၀၀ ခန့် ထွက်ရှိပြီး ဒေသတွင်းနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ အအေးခန်းစက်ရုံမှာ အသင်းပိုင်ဖြစ်၍ အသင်းသား အာလူးစိုက်တောင်သူ၊ အခြားတောင်သူများနှင့် ငရုတ်စိုက်တောင်သူများ ထွက်ရှိသော အာလူးနှင့် ငရုတ်သီးနှံများကို သိုလှောင်ခပေးစနစ်ဖြင့် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

အာလူးတစ်ပိဿာလျှင် တစ်လသိုလှောင်ခ ငွေကျပ် ၉၀၊ တစ်တန်လျှင် တစ်လ ငွေကျပ် ၅၅၀၀၀ နှုန်း၊ ငရုတ်သီးတစ်ပိဿာလျှင် တစ်လကျပ် ၂၀၀ နှုန်း သတ်မှတ်၍ လက်ခံဆောင်ရွက်လျက်ရှိရာ အာလူး ၁၂၆၆၆ ပိဿာနှင့် ငရုတ်သီးပိဿာ ၁၃၉၉၆၀ လက်ခံသိုလှောင်နိုင်ခဲ့သဖြင့် သိုလှောင်ခရဝင်ငွေကျပ် ၃၈၇ ဒသမ ၉၁၉ သိန်းခန့် ရရှိလျက်ရှိသည်ဟု သိရပါသည်။

သို့ဆိုရာ အာလူးစိုက်ဒေသများတွင် အအေးခန်းစက်ရုံများ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် အာလူးမျိုးပွားတစ်သျှူးကာချာလုပ်ငန်းကို တိုးချဲ့အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းအောင်မြင်ပါက အာလူးစိုက်တောင်သူများ လိုအပ်နေသော အာလူးမျိုးများကို နိုင်ငံခြားမှ ဈေးကြီးပေးဝယ် တင်သွင်းနေရမှုကင်းလွတ်ကာ ဒေသတွင်းရှိ အာလူးစိုက်တောင်သူများ ဈေးနှုန်းသက်သာစွာ မျိုးကောင်းမျိုးသန့်များ အလွယ်တကူ ဝယ်ယူရရှိပြီး စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုနှင့်အတူ လူမှုစီးပွားဘဝများလည်း မြင့်မားလာကြတော့မည် ဖြစ်ပါသည်။

**ဈေးကွက်ချိုးနှိမ်မှုဒဏ်ကို ကျော်လွှား**

သီးနှံပေါ်ချိန် ဈေးကွက်ချိုးနှိမ်မှုဒဏ်ကို ကျော်လွှားကာ ဈေးကောင်းရသည့်အချိန်တွင် သိုလှောင်သီးနှံများ ဖြန့်ဖြူးရောင်းချခြင်းကြောင့် ကျေးလက်နေတောင်သူများ ဝင်ငွေတိုးပွားရရှိလာနိုင်တော့မည်ဖြစ်ပါသည်။ စိတ်ဆန္ဒတူ၊ လုပ်ငန်းတူသူများစုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်းကာ လိုအပ်သော ခေတ်မီစက်ကိရိယာများ အသုံးပြုလာနိုင်ခြင်း၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းကြောင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်ခြင်း၊ ဒေသအကျိုးဖြစ်ထွန်းမှုနှင့် အသင်းသားတိုင်းကိုယ်စီ အမြတ်ဝေစုများ ရရှိခံစားနိုင်ခြင်း၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာနိုင်ခြင်းစသည့် မွန်မြတ်ကောင်းမွန်သော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြတော့မည် ဖြစ်ပါသည်။

သမဝါယမအသင်းပိုင် သဘာဝမြေသြဇာစက်ရုံ တည်ဆောက်ပြီး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလာနိုင်ခြင်းကြောင့် အရည်အသွေးကောင်းမွန်သော၊ ကျန်းမာရေးနှင့် ညီညွတ်သော အော်ဂဲနစ်သီးနှံများကို စားသုံးရသည့် ပြည်သူများအတွက်လည်း ကျန်းမာရေးသုခနှင့် ပြည့်စုံလာနိုင်တော့မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဒေသအလိုက် သီးနှံမျိုးတူစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် သမဝါယမအသင်းဖွဲ့စည်းပြီး လိုအပ်သောသွင်းအားစုများကို အသင်းကိုယ်တိုင်ထုတ်လုပ်–တင်သွင်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သည့် ခေတ်မီအဆင့်မြင့် စက်ကိရိယာ၊ သီးနှံတာရှည်ခံ Cold Storage စက်ရုံများ တည်ဆောက်ခြင်း၊ စားသုံးသူပြည်သူများသို့ အသင်းအချင်းချင်း ချိတ်ဆက်၍ ရောင်းချဖြန့်ဖြူးခြင်း၊ လိုအပ်သော ရင်းနှီးထောက်ပံ့ငွေများအား နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့ပေးခြင်းများကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးတောင်သူများ ဝင်ငွေတိုးပွားလာခြင်း၊ စားသုံးသူပြည်သူများ ပစ္စည်းမှန်၊ ဈေးမှန် ဝယ်ယူစားသုံးနိုင်ခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် သမဝါယမစီးပွားရေးစနစ်ဖြင့် အထောက်အကူပြုလာနိုင်ခြင်းစသည့် အကျိုးဖြစ်ထွန်းမှုများရှိလာကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စိုက်ပျိုးထုတ်လုပ်သူနှင့် စားသုံးသူပြည်သူအကြား ဈေးကွက်ခိုင်မာမှုနှင့် ဈေးနှုန်းထိန်းညှိမှုကို သမဝါယမအသင်းများက တတ်စွမ်းသမျှ ပေါင်းစပ်ကူညီဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုး။ ။ သမဝါယမဦးစီးဌာန၏ စာရင်းအချက်အလက်များ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အနီးကပ်ပညာသင်ကြားပေးနေမှုကို သွားရောက်ကြည့်ရှု



**စစ်တွေ မတ် ၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ပေါ်ရှိ အခြေခံပညာအထက်တန်း ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက အနီးကပ် ပညာသင်ကြားပေးနေမှုကို သွားရောက်ကြည့်ရှုအားပေး စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား ဆရာ ဆရာမများက အနီးကပ်ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့်လာမည့်တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်အတွက် ဘာသာရပ်အလိုက် ကျက်မှတ်ပြီး စာမေးပွဲဖြေဆိုရန် အသင့်ဖြစ်နေကြမည်ဟု ယုံကြည်ပါကြောင်း၊ ဘာသာရပ်အလိုက် ဆရာ ဆရာမများကလည်း သင်ကြားပြီးကြပြီဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် စာမေးပွဲအတွက် အသင့်ဖြစ်နေရမည့်အချိန်ဖြစ်ကြောင်း၊ မိဘများ၏ ဂုဏ်ကျေးဇူး၊ ဆရာ ဆရာမများ၏ ဂုဏ်ကျေးဇူးကို စာမေးပွဲတွင် အကောင်းဆုံး ဖြေဆိုခြင်းဖြင့် ကျေးဇူးဆပ်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက အနီးကပ် သင်ကြားပေးနေမှုကို လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မကျည်းမြိုင်ကျောင်းသို့ လည်းကောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက အနီးကပ်သင်ကြားပေးနေမှုကို ကြည့်ရှုသည်။ **တင်ထွန်း(ပြန်/ဆက်)**

# သထုံမြို့နယ်၌ Grade–9 နှင့် Grade–5 နှစ်ဆုံးစာမေးပွဲများ စတင်ဖြေဆို

**သထုံ မတ် ၃**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ Grade–9 နှင့် Grade–5 ကျောင်းသား ကျောင်းသူများသည် ၂၀၂၄–၂၀၂၅



ပညာသင်နှစ် နှစ်ဆုံးတတ်မြောက်မှု စာမေးပွဲများကို ယနေ့နံနက်က စတင်ကျင်းပရာ ပထမစာဖြေနေ့အဖြစ် မြန်မာစာဘာသာရပ်ကို စာဖြေဌာနအသီးသီးတို့၌ အေးချမ်းစွာဖြေဆိုခဲ့ကြသည်။

သထုံမြို့နယ်တွင် ၂၀၂၄–၂၀၂၅ ပညာသင်နှစ်၌ Grade–9 စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသူပေါင်း ၁၇၀၂ ဦး၊ ဖြေဆိုသူ ၁၆၄၁ ဦး၊ ပျက်ကွက် ၆၁ ဦး၊ Grade–5 ဖြေဆိုရန်စာရင်းသွင်းသူ ၃၈၁၁ ဦး၊ ဖြေဆိုသူ ၃၆၉၅ ဦး၊ ပျက်ကွက် ၁၁၆ ဦးရှိကြောင်း စာမေးပွဲဖြေဆိုနေစဉ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအတန်းများ နှစ်ဆုံးစာမေးပွဲ ဖြေဆို

**ကျိုက်ထို မတ် ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌၂၀၂၄–၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade(5) နှင့် အလယ်တန်းအဆင့် Grade(9) များအတွက် နှစ်ဆုံးစာမေးပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက မြန်မာစာဘာသာရပ်အား စတင်ဖြေဆိုခဲ့ကြသည်။

ယင်းသို့ ဖြေဆိုရာတွင် Grade (5) ဖြေဆိုရန်စာစစ်ဌာန ၂၄ ခု သတ်မှတ်ထားပြီး ဖြေဆိုရန်စာရင်းရှိ ကျောင်းသား ကျောင်းသူ ၂၈၂၆ ဦးတွင် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၂၆၂၅ ဦး၊ ပျက်ကွက်သူ ၂၀၁ ဦးရှိကြောင်းနှင့် အလယ်တန်းအဆင့် Grade(9) ဖြေဆိုရန်စာစစ်ဌာန ၁၂ ခု သတ်မှတ်ထားပြီး ဖြေဆိုရန်စာရင်းရှိ ၁၅၁၄



ဦးမှ ဝင်ရောက်ဖြေဆိုသူ ၁၄၄၅ ဦးနှင့် ပျက်ကွက်သူ ၆၉ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကျင်းပ

**ညောင်တုန်း မတ် ၃**

ညောင်တုန်းမြို့နယ်၌ မြန်မာ့ရှေ့ဝတီ တိုင်းဒေသကြီး သနပ်ခါး ယဉ်ကျေးမှုဓလေ့




လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်တင်လှိုင်က သနပ်ခါး၏ ဆေးဖက်ဝင်ပုံနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားလာအောင် မြန်မာ့သနပ်ခါး လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်မှုအဖြစ် သနပ်ခါးများ လိမ်းခြယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ငပုတောမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအကြောင်း အသိပညာပေးရှင်းလင်း

**ငပုတော မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအကြောင်း အသိပညာပေးရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံ့ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအရ ယာယီကင်းလွတ်ခွင့်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကို အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ အသေးစိတ်နားလည်သဘောပေါက်စေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့စစ်မှုထမ်းဗဟိုက ဆောင်ရွက်လျက်ရှိသည့် အကြောင်းအရာများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ် ကျောက်ရေတွင်း-တံခွန်တိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ပေါင် မတ် ၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောက်ရေတွင်း–တံခွန်တိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်းသိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ရေတွင်း–တံခွန်တိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ၂၀၂၄ ခုနှစ် ဇွန်၂၄ ရက်တွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ယူပြီး စတင်ဆောင်ရွက်ခဲ့ကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သည်။ အဆိုပါ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ငွေကျပ် ၃၅၅ ဒသမ ၉၉၈ သန်းဖြင့် အကုန်အကျခံခင်းပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မတ် ၂ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဈေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မီးဘေးအန္တရာယ်ကင်းရှင်းရေးသရုပ်ပြလေ့ကျင့်ခြင်း၊ ဈေးအတွင်းရှိ ရေပိုက်ငုတ်များ ရေထွက်အားကောင်းမွန်မှုရှိ မရှိ စစ်ဆေးစဉ်။ ကိုဇော်(ပြန်/ဆက်)



# ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



တရားခံ ခြောက်ဦးနှင့်အတူ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၂ သိန်းပြား၊ (ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံခန့်)

ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ ခြောက်ဦး၏ မှတ်တမ်းဓာတ်ပုံ



ခင်မောင်မြင့်ရွှေ၊ ၅၂ နှစ်



ကြည်ကြည်ခိုင်၊ ၃၈ နှစ် (ခင်မောင်မြင့်ရွှေ၏ဇနီး)



သန်းအောင်ဆွေ၊ ၄၆ နှစ်



ကျော်ဝင်းထွန်း၊ ၃၆ နှစ်



ကျော်ဇင်လတ်၊ ၃၁ နှစ်



ကျော်ဆန်းမင်း၊ ၄၉ နှစ်

**နေပြည်တော် မတ် ၃**

နိုင်ငံတော် အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များ အပါအဝင် လူသားမျိုးနွယ်စု တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် မူးယစ်ဂိုဏ်းများအနေဖြင့် မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများကို အသုံးပြု၍ နည်းလမ်းမျိုးစုံဖြင့် သို့ဝှက် သယ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ထပ်မံဖမ်းဆီးရမိ**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ **သန်းအောင်ဆွေ၊ ကျော်ဝင်းထွန်း၊ ကျော်ဆန်းမင်း**တို့နှင့်အတူ ယာဉ်အမှတ်၊ BGO-11/2R-2073 SOJEN အဖြူရောင်ယာဉ်ပေါ်မှ စက္ကူပုံး ခြောက်ပုံးအတွင်း သို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၂ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံခန့်ကို လည်းကောင်း၊ **ကျော်ဇင်လတ်၊ ခင်မောင်မြင့်ရွှေ၊ ကြည်ကြည်ခိုင်**တို့နှင့်အတူ ယာဉ်အမှတ်၊ YGN-41/ HH-2534 Probox အဖြူရောင်ယာဉ်ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပြည်မြို့ရှိ ကုန်းမြင့်သာတည်းခိုခန်း၌ **ကျော်ဝင်း**နှင့် **သောင်းထွန်း**တို့အား ယာဉ်အမှတ်၊ BGO-11/ 2P-6694 Daihatsu Hijet အစိမ်းရောင်ယာဉ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကျော်ဝင်း**၏ ထွက်ဆိုချက်အရ **ကျော်လင်း (ဖမ်းဆီးရန်ကျန်)**နှင့် **စိုင်းကျော်လှ (ဖမ်းဆီးရန်ကျန်)**တို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးသော မူးယစ်ဆေးဝါးများအား ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးရန် ငွေကျပ်သိန်း ၈၅၀ ဖြင့် ညှိနှိုင်းသဖြင့် သဘောတူခဲ့ကြောင်း၊ ထို့နောက် ရန်ကုန်မြို့သို့ ရောက်ရှိလာသော မူးယစ်ဆေးဝါးများအား မအီမြို့နယ် တလိုင်းတောင် ကျေးရွာသို့ ဆက်လက်ပို့ဆောင်ရန် **ခင်မောင်မြင့်ရွှေ**အား ငွေကျပ်သိန်း ၃၅၀ ဖြင့် ညှိနှိုင်းခဲ့ရာ သဘောတူခဲ့ကြောင်း သိရှိရသည်။ ဖမ်းဆီးရမိတရားခံ **ခင်မောင်မြင့်ရွှေ**၏ ထွက်ဆိုချက်အရ **ကျော်ဝင်း**၏ စေခိုင်းချက်ဖြင့် မူးယစ်ဆေးဝါးများ ပို့ဆောင်ရာတွင် ဇနီးဖြစ်သူ **ကြည်ကြည်ခိုင်**နှင့်အတူ စီးနင်းရန် **ကျော်ဇင်လတ်**၏ Probox အဖြူရောင်ယာဉ်အား ငှားရမ်းခဲ့ကြောင်း၊ ယင်းနောက် မူးယစ်ဆေးဝါးများ သယ်ဆောင်ရန် **ကျော်ဆန်းမင်း** ပိုင်ဆိုင်သည့် SOJEN ယာဉ်အား ငှားရမ်း၍ အဆိုပါ ယာဉ်ဖြင့် **ကျော်ဆန်းမင်း**၊ ယာဉ်မောင်း **သန်းအောင်ဆွေ**နှင့် ယာဉ်နောက်လိုက် **ကျော်ဝင်းထွန်း**တို့အား လိုက်ပါရန် ချိတ်ဆက်ခဲ့ကြောင်း သိရသည်။

**ထိုက်တန်စွာဆုချီးမြှင့်ပေးမည်**

သို့ဖြစ်၍ တရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားခံပြေး **ကျော်လင်း**နှင့် **စိုင်းကျော်လှ**တို့ အပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ကုန်းမြင့်သာတည်းခိုခန်း၌ တည်းခိုနေထိုင်သူ မူးယစ်ဆေးဝါး ဆက်စပ်တရားခံ နှစ်ဦး ထပ်မံဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ







ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များ



သောင်းထွန်း၊ ၃၆ နှစ်



ကျော်ဝင်း၊ ၃၆ နှစ်

❑ *ကျောဖုံးမှ*

အဆိုပါ ပွဲစဉ်ကို မတ် ၂ ရက် ည ၁၁ နာရီက အိုးထရက်ဖို့ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။ မန်ယူနှင့် ဖူလ်ဟမ်အသင်းတို့ အားပြိုင်မှုမှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် ဖူလ်ဟမ်အသင်းဂိုးသမား လီနိုလက်စွမ်းပြသနိုင်ခဲ့ကာ မန်ယူအသင်း၏ ပယ်နယ်တီနှစ်လုံးကို ကာကွယ်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ရှုံးပွဲကြုံတွေ့ကာ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည့်အတွက် လာမည့်နှစ်ဥရောပဝင်ခွင့်ရရှိရေးမှာလည်း ပျက်သုဉ်းသွားခဲ့ပြီဖြစ်သည်။ အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ မန်ယူကို အနိုင်ယူကျော်ဖြတ်ခဲ့သည့် ဖူလ်ဟမ်က ခရစ္စတယ် ပဲလေ့စ်အသင်းနှင့် တွေ့ဆုံနေသည်။ ပရက်စ်တန်က အက်စ်တွန်ဗီလာ၊ ဘုန်းမောက်က မန်စီးတီး၊ ဘရိုက်တန်က နော်တင်ဟမ်ဖောရက်စ်နှင့် အစ်ဆွစ်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **အောင်ဇော်**

❍ *ကျောဖုံးမှ*

စိုးလင်းဦးသည် ရုရှားဖိုက်တာ ဒီမီထရီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ONE နှင့် ခြောက်ပွဲမြောက် ထိုးသတ်ရမည်ဖြစ်သည်။ စိုးလင်းဦးသည် ပထမ သုံးပွဲဆက်တိုက် အနိုင်ရထားသော်လည်း ONE နှင့် စာချုပ်ရပြီးကတည်းက နှစ်ပွဲဆက်တိုက် အရေးနိမ့်ထားသည်။ ဒီမီထရီသည် ONE နှင့် သုံးပွဲထိုးသတ်ထားရာတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။

မတ် ၇ ရက်တွင် ကျင်းပမည့် ONE Friday Fights 99 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သက်လွင်အောင်၏ တွဲဆိုင်းပါဝင်မည်ဖြစ်သည်။ သက်လွင်အောင်သည် ONE နှင့် ပွဲဦးထွက်ပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး ဂျပန်ဖိုက်တာ ဟာရူယူကီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ သက်လွင်အောင်၏ ပွဲဦးထွက်ပွဲမှာ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။

မတ် ၁၄ ရက်တွင် ကျင်းပမည့် ONE Friday Fights 100 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စူပါရေချမ်းပွဲ ပါဝင်လာမည်ဖြစ်ပြီး ထိုင်းဖိုက်တာ ဆန်ဂါသစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ယခုပွဲကို ကစ်ဘောင်ဆင်စည်းမျဉ်းဖြင့် ထိုးသတ်ရမည်ဖြစ်ပြီး ဆန်ဂါသစ်အတွက် ONE နှင့် ပွဲဦးထွက်ပွဲလည်းဖြစ်သည်။ စူပါရေချမ်းသည် ပြီးခဲ့သည့်နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးပွဲတွင် ထိုင်းဖိုက်တာကို ပထမအချီမှာပင် အလဲထိုး အနိုင်ရထားသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို ဟားမားစ်တို့လက်မခံမချင်း ဂါဇာသို့ပေးပို့မည့် အကူအညီများအား အစ္စရေး ပိတ်ဆို့ထားမည်

ဂျေရုဆလင် မတ် ၃

**ခေးစာခံများ ထပ်မံလွတ်မြောက်ရေးအတွက် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရန် အမေရိကန်၏ အဆိုပြုချက်အသစ်ကို ဟားမားစ်တို့က လက်မခံမချင်း ဂါဇာကမ်းမြောင်သို့ ပေးပို့မည့် အကူအညီများကို ပိတ်ဆို့သွားမည်ဟု အစ္စရေးက ပြောကြားသည်။**



ဂါဇာကမ်းမြောင်သို့ ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများအားလုံး ဝင်ရောက်မှုကို လုံးဝရပ်ဆိုင်းထားမည်ဖြစ်ပြီး ဟားမားစ်တို့က ငြင်းဆိုမှုများ ဆက်လက်လုပ်နေပါက နောက်ဆက်တွဲ အကျိုးဆက်များကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက မတ် ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အမေရိကန်၏ အဆိုပြုချက်အသစ်တွင် အပစ်အခတ်ရပ်စဲရေးကို ဧပြီလလယ်အထိ သက်တမ်းတိုးရန်နှင့် ဟားမားစ်တို့ ထိန်းသိမ်းထားသည့် ခေးစာခံတစ်ဝက်ကို ချက်ချင်းပြန်လွှတ်ပေးရန် တိုက်တွန်းထားသည်။

ဟားမားစ်တို့က မူလအတိုင်း အပစ်အခတ်ရပ်စဲရေးနှင့် ခေးစာခံလဲလှယ်ရေး သဘောတူညီချက် ဒုတိယအဆင့်ကို အကောင်အထည်ဖော်ရန်နှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာမှ အပြီးအပြတ်ဆုတ်ခွာမှသာ လက်ကျန်ခေးစာခံအားလုံးကို လွှတ်ပေးမည်ဟုဆိုသည်။

အစ္စရေး၏ ဂါဇာကမ်းမြောင်ဒေသကို အကူအညီများ ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အထူးစိုးရိမ်မိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြီးအကဲ တွမ်ဖလက်ချာက ဆိုသည်။

မတ် ၂ ရက်က ဂါဇာကမ်းမြောင် မြောက်ပိုင်း၌ ဖောက်ခွဲရေးပစ္စည်းများ ဖောက်ခွဲရန် ကြံစည်နေသူအများအပြားကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# နီပေါနိုင်ငံသို့ ဖေဖော်ဝါရီလတွင် နိုင်ငံခြားခရီးသွား ၉၆၈၈၀ လာရောက်လည်ပတ်

ခတ္တမန္ဒူ မတ် ၃



နီပေါနိုင်ငံသို့ ဖေဖော်ဝါရီလတွင် နိုင်ငံခြားခရီးသွား စုစုပေါင်း ၉၆၈၈၀ လာရောက်လည်ပတ်မှု ရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းကြောင်း နီပေါခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က မတ် ၂ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားများအနက် အိန္ဒိယ၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၁၀၂၄၂၃ ဦး ဝင်ရောက်မှုရှိခဲ့ပြီး ယင်းမှာ နီပေါနိုင်ငံအတွက် တစ်လအတွင်း အများဆုံးဝင်ရောက်မှုဖြစ်ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုနောက်ပိုင်း တစ်လအတွင်း နိုင်ငံခြားခရီးသွား ဝင်ရောက်မှု ၉၄ ဒသမ ၆ ရာခိုင်နှုန်းရှိလာကြောင်း ဘုတ်အဖွဲ့ ညွှန်ကြားရေးမှူး မနိရာရ် လာမီချာနေက ဆင်ဟွာသို့ ပြောကြားသည်။ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဘဏ်၏ အစီရင်ခံ ဖော်ပြချက် အရ နိုင်ငံ၏ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (ဂျီဒီပီ) ၏ ၆ ဒသမ ၇ ရာခိုင်နှုန်းကို ပံ့ပိုးပေးသော ခရီးသွားလုပ်ငန်းမှာ နီပေါနိုင်ငံ အတွက် နိုင်ငံခြားငွေရရှိမှု၏ အရင်းအမြစ်များထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံက ချစ်ပ်ပြားစက်ရုံအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံ

ဟန္နွိုင်း မတ် ၃

ဗီယက်နမ်နိုင်ငံက တစ်ပိုင်းလျှပ်ကူးပစ္စည်း ချစ်ပ်ပြားထုတ်လုပ်ရန်အတွက် သုတေသန၊ ဒီဇိုင်း၊ ထုတ်လုပ်မှုနှင့် စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်မည့် အသေးစားစက်ရုံတစ်ခု တည်ဆောက်ရန် ဗီယက်နမ်ဒေါင် ၁၂ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၀၁ ဒသမ ၂ သန်း) ရင်းနှီးမြှုပ်နှံမည်ဟု ပြည်တွင်းမီဒီယာများက မတ် ၃ ရက်တွင် ဖော်ပြသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနမှ ဒါရိုက်တာ ငုယင်ခါ့လစ်ခ်က စက်ရုံအတွက် ဗဟိုဘတ်ဂျက်မှ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၃၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ ထုတ်လုပ်မှု စတင်မည်ဖြစ်ကြောင်းနှင့် စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်မှုနှင့် အကောင်အထည်ဖော်မှု ကာလအတွင်း စက်ရုံ၏ နည်းပညာဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် လုပ်ငန်းအပေါ် စည်းကြပ်နိုင်သော အခွန်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကျော် သို့မဟုတ် ၂၀ ရာခိုင်နှုန်းထက် မပိုသော အခွန်ကို နှစ်စဉ်လျှော့ချပေးမည်ဟု ပြောကြားသည်။ ဗီယက်နမ်က ၂၀၃၀ပြည့်နှစ်အထိ တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတစ်ရပ်ကို ပြီးခဲ့သည့်နှစ်အတွင်းက ထုတ်ပြန်ခဲ့ပြီး အဆိုပါ မဟာဗျူဟာကို ၂၀၅၀ ပြည့်နှစ်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဟိုတယ်မီးလောင်မှုဖြစ်ပွား၊ လေးဦးခန့် သေဆုံး

ဒါကာ မတ် ၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် မတ် ၃ ရက်က ဟိုတယ်တစ်လုံး မီးလောင်မှုဖြစ်ပွားရာ လေးဦးခန့် သေဆုံးကြောင်း သိရသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၃၁ မိနစ်တွင် ခြောက်ထပ်အဆောက်အအုံ၏ ပထမထပ်မီးလောင်မှု ဖြစ်ပွားခြင်းဖြစ်ကြောင်း မီးသတ်ဌာန ခေတ္တပြောရေးဆိုခွင့်ရှိသူ တယ်လ်ဟာ ဘင်ဂျာရှမ်က သတင်းထောက်များကို ပြောကြားသည်။ မီးသတ်တပ်ဖွဲ့ဝင် အများအပြား၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်တွင် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

ထိတ်လန့် တုန်လှုပ်နေသော ဟိုတယ်ဧည့်သည်များနှင့် ဝန်ထမ်းများမှာ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အခန်းများတွင် ပိတ်မိနေခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သေဆုံးသူများမှာ အသက်ရှူမွန်းကျပ်၍ သေဆုံးခြင်းဖြစ်ကြောင်း ဘင်ဂျာရှမ်က ပြောသည်။

**ဆင်ဟွာ**





# ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း တောမီးများ ဆက်လက်လောင်ကျွမ်း

တိုကျို မတ် ၃

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း အိဝါတဲခရိုင်၌ တောမီးလောင်ကျွမ်းမှုမှာ ငါးရက်ကြာခဲ့ပြီဖြစ်သည်။ တောမီးသည် အော့ဖွန်နာတိုမြို့တွင် ဆက်လက်လောင်ကျွမ်းလျက်ရှိသည်။ မတ် ၃ ရက် နံနက် ၆ နာရီအထိ မြေဟက်တာပေါင်း ၂၁၀၀ ခန့်မီးလောင်ကျွမ်းခဲ့ပြီးဖြစ်ကြောင်း ခရိုင်အရာရှိများက ပြောသည်။

မီးလောင်ကျွမ်းမှု အဆိုးဆုံးဖြစ်ပွားခဲ့သည့် အာကာဆာကီချို့ ဆိုတိုဂူချီဒေသတွင် မီးလောင်မှုကြောင့် အဆောက်အအုံအပျက်အစီးများနှင့် အဆောက်အအုံတချို့မှ ထွက်ပေါ်လာသော မီးခိုးများကို အင်န်အိတ်ချ်၏ ရုပ်သံဖိုင်တွင် တွေ့မြင်ရသည်။ မီးငြိမ်းသတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အော့ဖွန်နာတိုမြို့တွင် ရွှေ့ပြောင်းမိန့်များ ထုတ်ပြန်ခဲ့သည်။ မတ် ၃ ရက် နံနက် ၁၁ နာရီအထိ လူပေါင်း ၁၂၀၂ မီးဘေးခိုလှုံရာ အဆောက်အအုံများသို့ ပြောင်းရွှေ့ခဲ့သည်။

အော့ဖွန်နာတိုမြို့တွင် မတ် ၄ ရက်အထိ ခြောက်သွေ့သောလေများ ဆက်လက်တိုက်ခတ်သွားမည်ဖြစ်ပြီး ဆီးနှင်းများသည် မတ် ၅ ရက် အစောပိုင်းတွင် စတင်ကျဆင်းမည်ဖြစ်သည်။ မတ် ၅ ရက်တွင် မိုးရွာသွန်းမည်ဟု မိုးလေဝသအရာရှိများက ပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး)၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုဆွေးနွေးချက်များကို အပိုင်း (၂)ပိုင်း ခွဲ၍ ရှင်းလင်းဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် မေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း (၅)ပုဒ် ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ နားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)အတွက် စုစုပေါင်း ပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား သို့မဟုတ် မှန် ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက်၊ အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်း အပြည့်အစုံမဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ ကွက်လပ်တွင်ဖြည့်စွက်ရန် လိုအပ်သောစာသားကို ရေးသားဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် နံပါတ်တပ်၍အဖြေကို တိကျစွာဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုမေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုလျှင် ပေးမှတ် (၂) မှတ်ဖြစ်သဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃)အတွက် ပေးမှတ်မှာ(၂၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ပေးထားပြီး (ရွေးချယ်ရန်အပုဒ်အပိုမပေးထား) မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သီအိုရီသဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၅)မေးခွန်းခွဲ (က)၊ (ခ) နှင့် (ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ်(၅) အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့် မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်း နံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>(ခ) အဖြေမှန်ရွေးချယ်<br>(ဂ) ကွက်လပ်ဖြည့် | (၁၀ )ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၅) ခု | (၅) ခု<br>(၂ မှတ် x ၅ ခု) | (၁၀)<br>မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၁) ပုဒ် | (၁) ပုဒ်ဖြေ<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀ )<br>မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၃) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀ )<br>မှတ် |

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း (၅)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရန်နှင့် အမှတ်ကောင်းရရှိစေရန် ဖြေဆိုပုံ ဖြေဆိုနည်းကို မေးခွန်း (၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော ဖော်ပြချက်အတွက် မှားသည်(သို့) မှန်သည်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းစာကြောင်း ပြန်ရေးရန် မလိုအပ်ပါ။ ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ – 'အပြည့် ပြိုင်ဆိုင်မှုရှိသောဈေးကွက်တွင် လုပ်ငန်းသည် အရှုံးနှင့်ရင်ဆိုင်နေရသော်လည်း စရိတ်ရှင်အတွက် ကာမိနေပါက လုပ်ငန်းကို ဆက်လက်လည်ပတ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍မရသော မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ပေးထားသောဖော်ပြချက်များအတွက်အဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု (၃)မျိုးပေးထားပြီး ယင်းအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ဥပမာ 'ကာလရှည် စုစုပေါင်းရောင်းလိုအား မျဉ်းကွေးသည်(က)အလျားလိုက် ဝင်ရိုးနှင့် အပြိုင်ဖြစ်သည်။ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ (ဂ) အပေါင်းလက္ခဏာလျှောစောက်ရှိသည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ)၊ မေးခွန်းနံပါတ်သေး(၁)အတွက် အဖြေကို (၁) (ခ) ဟု ဖြေဆိုရန်ဖြစ်သည်။ ဖော်ပြချက် (၁၀)ခု အတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုအပ်သည်။ ဥပမာ– ပျမ်းမျှထုတ်ကုန် တိုးတက်စဉ် အစွန်းထွက်ထုတ်ကုန်သည် ပျမ်းမျှထုတ်ကုန်ထက် -------------- နေသည်ဟူသော မေးခွန်းအတွက်အဖြေမှာ 'ပိုမြင့်မား' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁) ခုလျှင် (၁)မှတ်ဖြင့် (၁၀) ခုအတွက် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁) မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀) အပြည့် ရရှိနိုင်ပါသည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ်(၂၀) မှတ်တန် မှတ်စုရှည် (၁) ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ မေးခွန်း (၃)ခု မေးထားပြီး နှစ်သက်ရာ (၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ် (၅)နှင့်ပတ်သက်၍ အထူးအလေးပေးရှင်းလင်းလိုပါသည်။

သင်ခန်းစာ (၈)ခန်း ရှိသည့်အနက် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို မေးနိုင်သည့်အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာအခန်း(၁)၊ အခန်း(၂)၊ အခန်း(၃) နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

(က) **အခန်း(၁)** 'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'တွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ အခြားဝယ်လိုအား အလျော့အတင်းများနှင့် ရောင်းလိုအား အလျော့အတင်းများကို တွက်ချက်စေသောမေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကို ပြုလုပ်ရပါမည်။ ဥပမာ – ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသော အဖြေကို ဝယ်လိုအား၏ဈေးနှုန်း အလျော့အတင်းသဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသော အလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်း ဖြေဆိုရမည်။

**ဤအခန်းတွင် သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်း တန်ဖိုးအရ ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်း တန်ဖိုးကို တွက်ချက်မှုမပြုလုပ်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်း ရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအား အလျော့အတင်း အနည်း/အများကို သုံးသပ်နိုင်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။ ဥပမာ အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | – |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |

**ဇယားပါအချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်း တို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုး သို့မဟုတ် ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောရောင်းရငွေပြောင်းလဲမှုအပေါ်မူတည်၍ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို သုံးသပ်ဖြေဆိုပါ ဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ($E_d$) ကို တွက်ချက်ဖော်ပြရန် မလိုအပ်ပါ။** ဈေးနှုန်းနှင့် အရေအတွက်ကို

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါ ဇယားအရ ဈေးနှုန်း (၇၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၇၀) ကျပ် x (၂) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ]၊ ဈေးနှုန်း (၆၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၆၀) ကျပ် x (၄) ယူနစ်= ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၅၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၅၀) ကျပ် x (၆) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ] စသဖြင့်တွက်ချက်ရရှိသည်။ ဈေးနှုန်းသည် (၇၀) ကျပ်မှ (၆၀) ကျပ် ၊(၆၀) ကျပ်မှ (၅၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာပြီး ရောင်းရငွေလည်း တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ ပြောင်းပြန်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့်ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၃၀ | ၁၀ | ၃၀၀ | - |
| ၂၀ | ၁၂ | ၂၄၀ | နည်း |
| ၁၀ | ၁၄ | ၁၄၀ | နည်း |

**ဇယားပါအချက်အလက်များအရ** ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း (၃၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၃၀) ကျပ် x (၁၀) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ]၊ ဈေးနှုန်း (၂၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၂၀) ကျပ် x (၁၂) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၁၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၁၀) ကျပ် x (၁၄) ယူနစ်= ရောင်းရငွေ ၁၄၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိနိုင်သည်။ ဈေးနှုန်းသည် (၃၀) ကျပ်မှ (၂၀) ကျပ်၊ (၂၀) ကျပ်မှ (၁၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာသော်လည်း ရောင်းရငွေမှာ ကျဆင်းသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ တိုက်ရိုက်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(ခ) **အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ'** တွင် စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှု အဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကိုသိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသော ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

(ဂ) **အခန်း(၃) 'စရိတ်သီအိုရီ'**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာ မေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံတို့ကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန်လိုအပ်ပါသည်။ ဥပမာ- မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်း သိရှိရန်လိုသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသောစရိတ်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါမည်။

(ဃ) **အခန်း(၇) ' စီးပွားရေးတိုးတက်မှု'** တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသော ပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်းထက်နိမ့်သည် စသဖြင့်သုံးသပ်နိုင်သည်၊ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်နေသည်၊ အချို့နှစ်များတွင် စီးပွားရေး တိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျနေသည် စသဖြင့် သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်း အတက်အကျရှိပါက မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်၊ မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် တိုးတက်ပြီး မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းသွားသည် စသည်ဖြင့် ကာလတစ်လျှောက် တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းများကို သုံးသပ်ဖော်ပြနိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေး ဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသော လက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း–လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍

၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း– ၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

အကယ်၍ နှစ်အလိုက် ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်၍ တွက်ချက်ပါဟု မေးထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း–အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၀ ပြည့်နှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း–၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

ငွေဖောင်းပွမှုနှုန်းကိုသုံးသပ်ပုံမှာ မည်သည့်နှစ်တွင် တက်သည်၊ မည်သည့်နှစ်တွင် ကျသည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်သည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျသည်၊ ငွေဖောင်းပွမှုနှုန်း မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်၍၊ မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသဖြင့်သုံးသပ်ဖော်ပြနိုင်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများကို နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကို ရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများကို နှံ့စပ်စွာ လေ့လာထားရန် လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့်တွက်ချက်သုံးသပ်မှုမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

## မုံရွာမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**မုံရွာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းကို မုံရွာမြို့ရှိ တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၇ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမျိုးသမီးများအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အထူးဂရုပြု ဆောင်ရွက်နိုင်ရန်၊ မိမိတို့နိုင်ငံ၏ သဘာဝသယံဇာတပစ္စည်းများကို သားစဉ်မြေးဆက် သုံးစွဲနိုင်ရေးအတွက် မိမိတို့၏ ပတ်ဝန်းကျင်ကအစ ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီဇော်က သင်တန်း ရည်ရွယ်ချက်များနှင့် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်လျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**

## ခရမ်းမြို့နယ် ပန်းတောချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ(၁၁)ကြိမ်မြောက် ထုတ်ချေး

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်း မြို့နယ် ပန်းတောချောင်ကျေးရွာ၌ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေများ (၁၁)ကြိမ်မြောက်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ဇင်မာကြည်က လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်းတောချောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား အသင်းသူ ၂၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၉၃ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့သည်။

၂၂၂

# တိုင်းပြည်အကျိုးစီးပွားတိုးတက်ဖို့ နှောင်းစာရင်း စစ်ဆေးကြစို့

*ဝန်းခရံ*

> **“ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပို့ကုန်သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ ၊ အသေးစား၊ အငယ်စား၊ အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း (Post Clearance Audit) လုပ်ထုံးလုပ်နည်းများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ စာရင်းစစ်ဆေးခံသူ၏ တာဝန်နှင့်အခွင့်အရေးများ၊ စာရင်းစစ်ဆေးခံသူ၏ အခွင့်အရေးများကို သိရှိနားလည်သဘောပေါက်ပြီး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို ရှောင်ကြဉ်၍ တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်နိုင်မည့်အပြင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ ပိုမိုတိုးတက်ရရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်”**

အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း (Post Clearance Audit) လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၀/၂၀၁၇) အရ ထုတ်ပြန်ကြေညာခဲ့ပါသည်။

လုပ်ထုံးလုပ်နည်းတွင် ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေပါသည်။ **အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း**သည် စနစ်ကျသည့် အကောက်ခွန်ထိန်းချုပ်မှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပါဝင်သည့် စာရင်းစစ်ဆေးခံသူ (Auditees)၏ မည်သည့်စနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော မှတ်တမ်းမှတ်ရာများ၊ ကုန်သွယ်မှုလုပ်ငန်းစဉ်များကို စစ်ဆေးခြင်းဖြင့် ကုန်ပစ္စည်းကြေညာလွှာများအပေါ် မှန်ကန်တိကျမှု ရှိမရှိ ကျေနပ်လက်ခံနိုင်သည်အထိ စစ်ဆေးသည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်။

**ကုန်သွယ်မှုလုပ်ငန်းစဉ်** အနေဖြင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ၊ ကုန်စည်များကို ရောင်းခြင်း၊ ဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ငွေပေးချေခြင်း၊ လက်ခံခြင်းများ ပြုလုပ်ရာတွင် ပါဝင်ပတ်သက်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ **စစ်ဆေးရေးအဖွဲ့**အနေဖြင့် အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် ဦးစီးအရာရှိအဆင့်ထက် မနိမ့်သူက ခေါင်းဆောင်သည့်အဖွဲ့ ဖြစ်သည်။ **စာရင်းစစ်ဆေးခံသူ**အနေဖြင့် ကုန်ပစ္စည်းများကို မည်သည့်နည်းလမ်းဖြင့်မဆို တင်သွင်းသူ၊ တင်ပို့သူ၊ တစ်ဆင့်ဖြတ်သန်းကုန်သွယ်သူ၊ ကုန်ပစ္စည်းများကို လက်ခံသူ သို့မဟုတ် တင်ပို့သူ၊ ကုန်ပစ္စည်းပိုင်ရှင်၊ ကုန်ပစ္စည်းများကို တစ်ဆင့်လက်ခံရယူသူ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်သည့် ကိုယ်စားလှယ်၊ ကုန်ပစ္စည်းများကို သိုလှောင်သည့် ကိုယ်စားလှယ်၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်သူနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပါဝင်သည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီဖြစ်ပေသည်။

**နယ်မြေအကောက်ခွန်ရုံး**အနေဖြင့် ညွှန်ကြားရေးမှူးချုပ်က ကုန်းလမ်းအကောက်ခွန် အက်ဥပဒေအရ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် အကောက်ခွန်ရုံးဖြစ်သည်။ **တတိယအဖွဲ့အစည်း**အနေဖြင့် ပင်လယ်ရပ်ခြားမှ ပုဂ္ဂိုလ်၊ ကုမ္ပဏီများနှင့် ကုန်ပစ္စည်း တင်သွင်းတင်ပို့သူများ မပါဝင်ဘဲ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ ဝန်ဆောင်မှုကိုယ်စားလှယ်၊ ကုန်စည်တင်ပို့သော ပုဂ္ဂိုလ်၊ ကုမ္ပဏီတို့၏ ဌာနေကိုယ်စားလှယ်၊ ကုန်ပစ္စည်းတင်သွင်းတင်ပို့သော လုပ်ငန်းတွင် ပါဝင်ပတ်သက်သည့် ကြားခံဆောင်ရွက်ပေးသူနှင့် အခြားကိုယ်စားလှယ်များဖြစ်သည်။

**စာရင်းစစ်ဆေးခံသူ၏ တာဝန်နှင့်အခွင့်အရေးများ**အနေဖြင့် မည်သည့်ပုံသဏ္ဌာန်နှင့်မဆို တည်ရှိသည့် ကုန်သွယ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော မှတ်တမ်းများ၊ ငွေစာရင်းနှင့်သက်ဆိုင်သည့် စာအုပ်များ၊ မှတ်တမ်းများနှင့် စာရွက်စာတမ်းများကို (၇-နှစ်) ခုနှစ်နှစ် ထိန်းသိမ်းထားရှိရန်နှင့် ယင်းကာလမတိုင်မီ ကုမ္ပဏီအား ဖျက်သိမ်းမည်ဆိုပါက အစစ်ဆေးခံနိုင်ရန် အကောက်ခွန်ဦးစီးဌာနသို့ သုံးလကြိုတင်၍ အကြောင်းကြားပေးရမည်ဖြစ်ပေသည်။

နှောင်းစာရင်းစစ်ဆေးရေး လုပ်ငန်းစဉ်များ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စာရင်းစစ်ဆေးခံသူမှ တာဝန်ခံ ကိုယ်စားလှယ်တစ်ဦး ခန့်အပ်ပေးရမည်ဖြစ်ပေသည်။ စစ်ဆေးရေးအဖွဲ့ကို ပရိဝုဏ်အတွင်းသို့ ဝင်ရောက်ခွင့်ပြုရပေမည်။ မှတ်တမ်းမှတ်ရာများကို စစ်ဆေးရေးအဖွဲ့က တောင်းခံလာပါက တင်ပြပေးရန်နှင့် မိတ္တူကူးယူခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။ ပရိဝုဏ်အတွင်းရှိ မည်သည့်နေရာ၊ မည်သည့်ကုန်ပစ္စည်းကိုမဆို စစ်ဆေးရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးခြင်း၊ ချိပ်ပိတ်ခြင်း၊ နမူနာအဖြစ် ယူဆောင်ခြင်းတို့ကို ခွင့်ပြုပေးရမည်ဖြစ်ပြီး လိုအပ်သည့် စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပေသည်။ နှောင်းစာရင်းစစ်ဆေးခြင်း အစီရင်ခံစာအရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆုံးဖြတ်ချက်များကို လိုက်နာရမည်ဖြစ်ပေသည်။

အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် လုပ်ဆောင်ချက်များကို မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ဟန့်တားခြင်းမပြုဘဲ လက်ခံဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးတွေ့ရှိချက်များကို လက်ခံပြီး အတည်ပြုခြင်း သို့မဟုတ် ရှင်းလင်းဖြေကြားခြင်း ပြုရမည်ဖြစ်ပါသည်။ စာရင်းစစ်ဆေးခံသူမှ စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အပေါ် သဘောတူလက်ခံလျှင်ဖြစ်စေ၊ ငြင်းဆိုရန် အကြောင်းရှိလျှင်ဖြစ်စေ ကျိုးကြောင်းခိုင်လုံစွာ ဖော်ပြ၍ ခုနစ်ရက်အတွင်း ပြန်ကြားပေးရမည်ဖြစ်ပါသည်။

**စာရင်းစစ်ဆေးခံသူ၏ အခွင့်အရေးများ**အနေဖြင့် စစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ်ထားသည့် အမိန့်စာကို တောင်းခံနိုင်ပေသည်။ စစ်ဆေးရေးအဖွဲ့ဝင်များကုမ္ပဏီသို့ လာရောက်စစ်ဆေးချိန်တွင် ယင်းတို့၏ သက်သေခံကတ်ကို တောင်းခံကြည့်ရှုနိုင်ပါသည်။ စာရင်းစစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ မရှင်းလင်းသည့်အချက်များကို မေးမြန်းနိုင်ပေသည်။ သတ်မှတ်ရက်အတွင်း စစ်ဆေးတွေ့ရှိချက်အား သဘောတူလက်ခံခြင်း သို့မဟုတ် ပြန်လည်ဖြေရှင်းခြင်းမပြုနိုင်ပါက ကာလတိုးမြှင့်ပေးရန် စစ်ဆေးရေးအဖွဲ့ထံ တောင်းဆိုနိုင်ပေသည်။

သို့ဖြစ်၍ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပို့ကုန်သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ ၊ အသေးစား၊ အငယ်စား၊ အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း (Post Clearance Audit) လုပ်ထုံးလုပ်နည်းများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ စာရင်းစစ်ဆေးခံသူ၏ တာဝန်နှင့်အခွင့်အရေးများ၊ စာရင်းစစ်ဆေးခံသူ၏ အခွင့်အရေးများကို သိရှိနားလည်သဘောပေါက်ပြီး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို ရှောင်ကြဉ်၍ တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်နိုင်မည့်အပြင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ ပိုမိုတိုးတက်ရရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဝန်းသိုမြို့၌ Grade-5 နှင့် Grade-9 နှစ်ဆုံးစာမေးပွဲ စတင်ဖြေဆို

**ဝန်းသို မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်ရှိ စာစစ်ဌာနနှစ်ခုတို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူလတန်းအဆင့် Grade-5 နှင့် အလယ်တန်းအဆင့် Grade-9 ကျောင်းသား ကျောင်းသူများ၏ နှစ်ဆုံးစာမေးပွဲ (မြန်မာစာဘာသာရပ်)ကို ယနေ့နံနက်ပိုင်းက စတင်ဖြေဆိုသည်။

အဆိုပါ စာမေးပွဲတွင် အထက(ဝန်းသို) စာစစ်ဌာန၌ မူလတန်းအဆင့် Grade-5 ကျောင်းသား ကျောင်းသူ ၁၁၈ ဦး၊ အလယ်တန်းအဆင့် Grade-9 ကျောင်းသား ကျောင်းသူ ၁၀၁ ဦးနှင့် အထက(ခွဲ) တပ်နယ်မြေ စာစစ်ဌာန၌ မူလတန်းအဆင့် Grade-5 ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ အလယ်တန်းအဆင့် Grade-9 ကျောင်းသား ကျောင်းသူ ၃၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၈၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။



နှစ်ဆုံးစာမေးပွဲကို မတ် ၃ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)၊ ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတောင်း၌ နွေရာသီလူငယ် အခြေခံအင်္ဂလိပ်စကားပြော၊ အခြေခံပန်းချီနှင့် ကဗျာရေးစပ်နည်းသင်တန်းဖွင့်

**ပန်းတောင်း မတ် ၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြို့မစာကြည့်တိုက်၌ ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်းနှင့် မြို့မစာကြည့်တိုက်ကော်မတီတို့က ကြီးမှူး၍ နွေရာသီလူငယ် အခြေခံ အင်္ဂလိပ်စကားပြော၊ အခြေခံပန်းချီနှင့် ကဗျာရေးစပ်နည်းသင်တန်း ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့မစာကြည့်တိုက်ဥက္ကဋ္ဌ ဦးလှကျော်က နွေရာသီကျောင်းပိတ်ချိန် အားလပ်ရက်များတွင် ကလေးသူငယ်များ ဘာသာစကားတစ်ခု ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုတတ်စေရန်၊ ကဗျာစာပေ၊ ယဉ်ကျေးမှုအနုပညာများကို ထိတွေ့အကျွမ်းတဝင်ရှိစေရန် သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသားသင်တန်းသူများအား စာရေးကိရိယာများ ပေးအပ်သည်။ အဆိုပါသင်တန်းကို မူလတန်းအဆင့်အတွက် မတ် ၃ ရက်မှ ၁၂ ရက်အထိ၊ အလယ်တန်းအဆင့်အတွက် မတ် ၁၃ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

# ဓနုဖြူမြို့နယ်၌ ဘူးပင်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ဘူးသီးနှံများကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘူးသီးကို နိုဝင်ဘာလတွင် စိုက်ပျိုး၍ နှစ်လခွဲခန့်အကြာ ဖေဖော်ဝါရီလမှစတင်၍ ဘူးသီးများ ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ဗမာမျိုးများကို စိုက်ပျိုးကြပြီး စင်တင်စနစ်နှင့် မြေချစနစ်ဟူ၍ရှိရာ စင်တင်စနစ်ဖြင့်သာ အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ကေလျှင် ဘူးပင်ရေ ၁၈၀ ခန့် ဝင်ဆံ့စိုက်ပျိုးနိုင်ပြီး စင်တင်စနစ်စိုက်ပျိုးရာ၌ အသုံးပြုသည့်ဝါးစင်ကို နှစ်နှစ်အတွင်း ပြန်လည် အသုံးပြုနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၇ သိန်းကျော်ခန့်ကုန်ကျကြောင်း၊ ဘူးသီးကို တစ်လလျှင် လေးကြိမ် ခူးဆွတ်ရနိုင်ပြီး လေးလအကြာအထိ ခူးဆွတ်လျက်ရှိရာ တစ်ကေလျှင် စုစုပေါင်း ဘူးသီးအလုံးရေ ၄၁၀၀ – ၄၃၀၀ လုံးခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဓနုဖြူမြို့နယ်နှင့် ပန်းတနော် မြို့နယ်အတွင်းရှိ ကုန်စိမ်းလက်ကားဆိုင်များ၊ ဘူးသီးကြော်ဆိုင်များသို့ ရောင်းချလျက်ရှိရာ ဘူးသီးနှံစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ် သက်သာ၍ အကျိုးအမြတ် ရရှိသောကြောင့် နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



DOCA (ရောဝတီ)

# ခရမ်းကြွပ်သီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ခရမ်းကြွပ်သီးကို မိသားစုတစ်ပိုင်တစ်နိုင်အနေဖြင့် လည်းကောင်း၊ စီးပွားဖြစ်အနေဖြင့် လည်းကောင်း စိုက်ပျိုးကြပြီး ဓနုဖြူမြို့နယ်၌ နှစ်စဉ် ၆၅၇၉ ကေ စိုက်ပျိုးထားရှိကြောင်း မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ခရမ်းကြွပ်သီးကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ပဒေသာခရမ်းကြွပ် (ထိုင်ဝမ်) မျိုးများကို ပေါင်ခတ်၍ အတန်းလိုက် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ ခရမ်းကြွပ်သီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး အသီးကုန်ချိန်အထိ ငါးလခန့်အကြာ ခူးဆွတ်ရကြောင်း၊ တစ်ကေလျှင် အလုံးရေ ၈၀၀၀၀ ခန့်ထွက်ရှိပြီး ဓနုဖြူမြို့နယ် ဒေသတွင်းရှိ ကုန်စိမ်းပွဲစားများသို့ ရောင်းချသည့်အပြင် ပွဲစားများက တစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းကြွပ်သီး စိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

DOCA(ရောဝတီ)

# အထက်မင်းလှမြို့ ပန်းတော်ပြင်ကျေးရွာ၌ ကြက်သွန်နီသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီသီးနှံကို ပန်းတော်ပြင်ကျေးရွာ၌ ၁၅ ကေခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကြက်သွန်နီသီးနှံကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်တွင် တူးဖော်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲပေါင်တင်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးကြောင်း၊ ပင်စိုက်နှင့် ဥစိုက်ဟူ၍ စိုက်ပျိုးကြပြီး ဥစိုက်ကြက်သွန်နီကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ရွှေဖလားမျိုးကို ရေနံချောင်းမြို့မှ တစ်ပြည်လျှင် ငွေကျပ် ၁ သိန်းဖြင့်ဝယ်ယူ၍ စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးခြောက်ပြည်ခန့် ကုန်ကျကြောင်း၊ ကြက်သွန်နီတစ်ကေလျှင် မျိုးဖိုး၊ မြေပြုပြင်ခ၊ လုပ်အားခ၊ ရေသွင်းခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် သိန်း ၃၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က ကြက်သွန်နီတစ်ကေလျှင် ပိဿာချိန် ၃၀၀၀ ခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် တူးဖော်ရမည်ဖြစ်၍ အထွက်နှုန်းကောင်းမွန်ကာ ဈေးကောင်းရရှိပါက အမြတ်ရရှိမည်ဖြစ်ကြောင်း ကြက်သွန်နီစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ DOCA (မကွေး)



# ဓနုဖြူမြို့နယ်၌ မတ်ပဲတစ်ကေလျှင် ၁၂ တင်းမှ ၁၅ တင်းခန့် ထွက်ရှိ



ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဆောင်းသီးနှံဖြစ်သည့် မတ်ပဲများကိုလည်း ၂၀၂၄ ခုနှစ်တွင် စိုက်ကေ ၈၉၃၃၄ ကေ စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် ၄၂၈၂၄ ကေရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စာရင်းများအရ သိရသည်။

မတ်ပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် စတင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် မတ်ပဲပင်ထောင်မျိုးများကို စိုက်ပျိုးကြပြီး မတ်ပဲမျိုး တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့်ဝယ်ယူ၍ တစ်ကေလျှင် မျိုးခြောက်ပြည်ခန့် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မတ်ပဲတစ်ကေလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၇၀၀၀၀၀ ကုန်ကျပြီး တစ်ကေလျှင် ၁၂ တင်းမှ ၁၅တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဓနုဖြူမြို့နယ်အတွင်းရှိ ပွဲရုံများသို့ ရောင်းချပြီး ပွဲရုံများမှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချ၍ ထိုမှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ DOCA(ရောဝတီ)

## ၃-၃-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၂၇၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | – | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၆၅ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၆၆၅ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၂၇၅ | ၁၆၀၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၇၀၀ | ၈၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | – | ၆၅၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၁၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၄၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၂၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၈၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၈၁၅ | ၁၂၀၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၇၈၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၆၂၀ | ၁၆၂၀၀ | ၃၂၀၀ | ၁၅၄၀၀ | ၁၇၅၀၀ | ၉၂၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၇၀၀ | ၅၀၀၀ | ၅၄၀၀ | ၁၇၆၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၂၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၆၂၀ | ၁၆၄၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၇၀၀ | ၉၂၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၂၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၂၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
   (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
   (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
   (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
   (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
   (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
   (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
   (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
   (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
   (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
   (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
   (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
   (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
   (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
   (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## မက္ကဆီကို၌ ကျင်းပသည့် မာရီဒါအိုးပင်းဗိုလ်လုပွဲတွင် နာဗာရို အနိုင်ရပြီး ဒုတိယမြောက်ဖလားဆွတ်ခူး

မက္ကဆီကိုနိုင်ငံ၌ ကျင်းပသည့် မာရီဒါအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အမ်မာ နာဗာရိုက အမ်မီလီယာနာ အရှုန်ဂိုကို အနိုင်ရဗိုလ်စွဲခဲ့ကာ ကစားသမားဘဝတစ်လျှောက် ဒုတိယမြောက် ဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်တင်းနစ်မယ် နာဗာရိုသည် ဗိုလ်လုပွဲတွင် ပြိုင်ဘက်ကိုလံဘီယာတင်းနစ်မယ် အရှုန်ဂိုကို ၆-၀၊ ၆-၀ ဖြင့် အနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့အဆင့် (၈) ရှိ နာဗာရိုသည် ပြိုင်ဘက် အရှုန်ဂိုကို နိုင်ပွဲရယူရန် ၅၅ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ၎င်းသည် ပြိုင်ပွဲ တစ်လျှောက်တွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် မာတစ်၊ ဆွန်မက်ဇ်၊ အဗန်နက်စ်ယန်တို့ကိုကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

နာဗာရိုသည် မကြာသေးမီက ယှဉ်ပြိုင်ကစားခဲ့သည့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက် ရိုမေးနီးယားတင်းနစ်မယ် ဆိုရာနာဆာတီးယားကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။



## တစ်ယောက်လျော့ ဆိုစီဒက်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ဘာစီလိုနာ ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၂၆) မှ မတ် ၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာနှင့် ဆိုစီဒက်အသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက လေးဂိုးပြတ် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ပွဲကစားချိန် ၁၇ မိနစ်တွင် ဆိုစီဒက်ကစားသမား အီလူစတွန်ဒို အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။



ဘာစီလိုနာအသင်းကသာ တစ်ယောက်လျော့ ဆိုစီဒက်အသင်းကို ထိန်းချုပ်ကစားပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါ ၂၆ ပွဲကစားပြီးချိန်တွင် နိုင်ပွဲ ၁၈ ပွဲနှင့်အတူ ရမှတ် ၅၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

မတ် ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော မာယော့ကာနှင့် ဒီပို့တီဗိုအသင်းပွဲစဉ်တွင် တစ်ဂိုးစီ သရေကျခဲ့ပြီး အိုဆာဆူနာနှင့် ဗလင်စီယာအသင်း ပွဲစဉ်တွင်လည်း သုံးဂိုးစီ သရေကျခဲ့သည်။

### နောက်ဆုံးရ အားကစားသတင်းတိုများ

- ဘာစီလိုနာအသင်းက ဘရာဇီးတောင်ပံကစားသမား ရာဖင်ညာ (၂၈နှစ်) ကို သက်တမ်းတိုးဖွယ်ရှိနေကြောင်း သိရသည်။
- မန်ယူအသင်းသည် နာပိုလီအသင်းမှ နိုင်ဂျီးရီးယားတိုက်စစ်ကစားသမား ဗစ်တာအိုစင်မန် (၂၆နှစ်) ကို ခေါ်ယူလိုနေပြီး အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ တိုက်စစ်ကစားသမား ဟွိုက်လန်းကို အသုံးပြုသွားဖွယ်ရှိသည်။

မိုးဇက် - စုစည်းသည်

## MFF ဖူဆယ်လိဂ် - ၁ တွင် MIU အသင်း၊ လိဂ် - ၂ ပြိုင်ပွဲတွင် TG United အသင်း ဦးဆောင်

ရန်ကုန် မတ် ၃

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲများကို မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ လိဂ်-၁ ပြိုင်ပွဲတွင် MIU အသင်း၊ လိဂ်-၂ ပြိုင်ပွဲတွင် TG United အသင်း ဆက်လက်ဦးဆောင်နေသည်။

ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၄) တွင် MH Dream Team အသင်းက ဖူဆယ်ချစ်သူအသင်းကို ကိုးဂိုး-သုံးဂိုး၊ VUC အသင်းက SGF အသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ MIU အသင်းက YRG အသင်းကို ခြောက်ဂိုးပြတ်၊ Generations အသင်းက YCDC Marga အသင်းကို လေးဂိုး-တစ်ဂိုး၊ Winner Soccer အသင်းက M2K အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၄) အပြီးတွင် MIU အသင်းက ရမှတ် ၄၀၊ MH Dream Team အသင်းက ၃၂ မှတ်၊ YRG အသင်းက ၂၄ မှတ်၊ VUC အသင်းက ၂၁ မှတ်၊ M2K အသင်းက ၁၉ မှတ်၊ Generations အသင်းက ၁၈ မှတ်၊ Winner Soccer အသင်းက ၁၅ မှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ၁၁ မှတ်စီ၊ SGF အသင်းက ခုနစ်မှတ် ရရှိထားသည်။

ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၆) တွင် Pacific Sun Far အသင်းက 7 Dragon အသင်းကို လေးဂိုး-နှစ်ဂိုး၊ 7 Brother အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ Gold Dream အသင်းက Black Cross အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ JZ Yangon အသင်းက KKY အသင်းကို သုံးဂိုး-တစ်ဂိုး၊ YCDC Marga Youth အသင်းက Maryar အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ TG United အသင်းက လက်ဝဲသုန္ဒရအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၆) အပြီးတွင် TG United အသင်းက ရမှတ် ၄၀ ဖြင့် ဆက်လက်ဦးဆောင်နေသည်။ ရဲရင့်လွင်



ဖူဆယ်လိဂ် - ၁ ပြိုင်ပွဲတွင် MIU အသင်းနှင့် YRG အသင်း ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-MFF

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ်လ ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yangon Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ မိဘဂုဏ်သူဌေးသမီးကုန်စုံဆိုင်ရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၄၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၆၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၅၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဖျာပုံမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၉၃၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၂၅၉) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၃၂၅၉ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

အလားတူ မတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၆၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၅၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၂၅၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၂၅၈၂၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ် အမှတ် (UB–004/ SF–2027) ဖြင့် လိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည် တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၇၃၅၈၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၄၄၆၅၈၃)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြောင်မြို့နယ်နှင့် ရေလယ်ကျွန်းဒေသအတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း မဟုတ်မမှန်သတင်းများဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အနောက်ခြမ်းနှင့် မကွေးတိုင်းဒေသကြီး ရေလယ်ကျွန်းဒေသအတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ နေထိုင်ရာ ကျေးရွာများအား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်/ကျေးရွာများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင် လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းစိန်ထောင်မှ ခေါ်ထုတ်သွားသည့် လွတ်ရက်စေ့ မူဆလင်များကို စစ်တွေတွင် စစ်သင်တန်းပေးနေ ခေါင်းစဉ်ဖြင့် အများပြည်သူ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေ

**နေပြည်တော် မတ် ၃**

"အင်းစိန်ထောင်မှ ခေါ်ထုတ်သွားသည့် လွတ်ရက်စေ့ မူဆလင်များကို စစ်တွေတွင် စစ်သင်တန်းပေးနေ" ဟူသော ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် Ayeyarwaddy Times အမည်ရှိ Facebook Page ၌ **အများပြည်သူ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန်** ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရသည် ဥပဒေနှင့်အညီ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး Ayeyarwaddy Times အမည်ရှိ Facebook Page ၏ ဖော်ပြမှုသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

**သစ္စာ**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/60434, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သိမ့်ထက် ၁၄/ဟသတ(နိုင်)၂၇၇၀၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/95681, Kamax 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိစော ၉/အမဇ(နိုင်) ၀၁၁၇၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/28414, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုမွန်ဇော် ၉/မထလ(နိုင်) ၂၂၉၇၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ သစ်တောလမ်း၊ အမှတ်(၁၃၃)တွင် နေထိုင်သူ ဒေါ်သီတာ ၉/မမန(နိုင်) ၀၃၀၉၉၈သည် (၃၁-၅-၂၀၂၃)ရက်က ဖားကန့်မြို့တွင် ကွယ်လွန်သွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ သက်ရှိထင်ရှားရှိစဉ်မှစ၍ သေဆုံးစဉ်အထိ ၎င်းပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများအား မည်သည့်အသင်းအဖွဲ့များနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း ၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း တစ်စုံတစ်ရာ မရှိပါကြောင်း အသိပေးအပ်ပါသည်။

ဒေါ်နှင်းဝင့်လွင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၇၅)
သန့်ရှင်းသူအပေါင်းဘုရားကျောင်းဝင်း၊ ရပ်ကွက်ကြီး(၅)၊
ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၇၉၄၈၁၆၀၁၇

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၁)၊ ဦးပိုင်အမှတ်(၂၇ခဲစင်း)၊ ၁၀၄လမ်း၊ စစ်ကိုင်း-မန္တလေးလမ်းထောင့်ရှိ ဦးအောင်မြင့်(ခ)ဦးမြင့် အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၃၀၁/၂၀၁၇)ဖြင့် ဒေါ်ကြည်၊ ဒေါ်သန်းတင်၊ ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်ဝင်း၊ ဦးသန်းထွန်း၊ ဒေါ်ပပဝင်းတို့က အမွေဆက်ခံခဲ့ပြီး၊ ဒေါ်ကြည်ပါ-၅ ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၃၀၂/၂၀၁၇) ဖြင့် ဒေါ်သန်းတင်က ပိုင်ဆိုင်ခဲ့ပြီး ဖခင်ဦးမြစိန်၊ မိခင်ဒေါ်သန်းတင်၊ သမီးဒေါ်နွယ်နီနှင့်ခင်ပွန်း ဦးအောင်ဆန်း သားဦးကိုကိုကြီးတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး၊ မြေး၊ ချွေးမများ ဖြစ်သော ဒေါ်မာလာ ၉/မရတ(နိုင်) ၀၂၃၆၁၅၊ ဒေါ်မို့မို့အောင် ၉/မဟမ(နိုင်) ၀၀၂၄၄၁၊ ဦးသွင်ထူးအောင် ၉/မဟမ(နိုင်) ၀၇၀၄၈၂၊ ဒေါ်အမာကြည် ၉/မရတ(နိုင်) ၀၂၁၇၅၇၊ ဦးကိုကိုလေး ၉/မရတ(နိုင်) ၀၂၁၄၅၉၊ ဒေါ်ပန်းဝါ ၉/မရတ(နိုင်) ၀၂၄၅၅၇၊ ဒေါ်ဘေဘီ ၉/မရတ(နိုင်) ၀၂၁၄၅၃၊ ဦးမင်းမင်းမြတ် ၉/မရတ(နိုင်) ၀၂၀၄၆၀ တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### အမည်ပြောင်း

ဦးတင်မိုးအောင် ၈/ကမန(နိုင်) ၀၅၄၈၈၇ ၏သမီး မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ အထက(ကံမ) Grade- II မှ မသက်ဆုဆုငြိမ်း အားယနေ့မှစ၍ မသက်မှူးအိမ်စည် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသက်မှူးအိမ်စည်**

**သွေးသည် အသက်**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး။**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မန်ကျည်းကိုင်းကျေးရွာအုပ်စု၊ ရွှေပေါက်ပင်ကျေးရွာတောင်ကိုင်း A ကွင်းအတွင်းရှိ မြေရိယာ ၂ ဒသမ ၉၅ ဧကအား ဦးလှတင် ၉/အမရ(နိုင်)၀၂၆၄၄၅ မှ ပိုင်ဆိုင်ပြီးရောင်းချမည့်အပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် မန်ကျီးကိုင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လာရောက်ကန့်ကွက်မှုကို အသိမှတ်ပြုမည်မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးလှတင် ၉/အမရ(နိုင်)၀၂၆၄၄၅**
**ဖုန်း-၀၉-၆၇၆၀၂၀၉၆၉**

## မိခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက ကမာစဲကျောင်း Grade-12 မှ မချောအိဆည်းဆာ၏ မိခင်အမည်မှန်မှာ ဒေါ်ယုဝါလွင် ၇/သနပ (နိုင်) ၀၈၃၀၇၈ ဖြစ်ပါကြောင်း။ **ဒေါ်ယုဝါလွင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၂-၂၀၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာ-၂၂ တွင် ဦးကံညွန့်နှင့် အများသိစေရန် ကြေညာခြင်းတွင် ၂၈-၂-၂၀၂၄ အစား ၂၈-၂-၂၀၂၅ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ပတ်စ်ပို့ပျောက်

ရေကြည်မြို့နယ်၊ အသုတ်၊ အနော်ရထာရပ်ကွက်နေ (ဘ) ဦးစောမြလှ ၏သား စောလားပွဲထူး ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-262419)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၉ ၀၁၀ ၂၈၂**

## ဖခင်အမည်မှန်

ကရင် ပြည်နယ်၊ ဘားအံမြို့၊ အထကခွဲ(၂) Grade-9မှ နန်းသဇင်ဦး ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

## အလိမ္မာ စာမှာရှိ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးနှင့်အငယ်တန်းစာရေး၊ စာရင်းကိုင်(၄)ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၅၃) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၄၄)နေရာ |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၈ )နေရာ |
| (ဂ) | စာရင်းကိုင်(၄) (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၁ )နေရာ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၄-၂၀၂၅ ရက်နေ့တွင် အသက်(၃၀)နှစ် ထက် မကျော်လွန်စေရ။
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၄-၂၀၂၅ ရက်နေ့တွင် အသက်(၃၅) နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) ဒုတိယဦးစီးမှူးရာထူးအတွက် အောက်ဖော်ပြပါ ဘွဲ့ရရှိသူများဖြစ်ရမည်-

| | | |
|---|---|---|
| (၁) | B.Com, B.Econ(Stats),B.Econ(Eco), B.Act, B.B.M, B.B.A, B.P.S, B.Dev.S, B.P.A,……စသည့် စီးပွားရေးနှင့် ဆက်နွယ်သည့် ဘွဲ့များ၊ | (၄၀)နေရာ |
| (၂) | ကွန်ပျူတာဆိုင်ရာဘွဲ့ ရရှိသူများ၊ (အထက်ပါဘွဲ့အားလုံးအတွက်မဟာဘွဲ့ရသူများလည်းလျှောက်ထားနိုင်ပါသည်။) | ( ၄ )နေရာ |

(စ) အငယ်တန်းစာရေးနှင့်စာရင်းကိုင်(၄)ရာထူးအတွက် ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
(ဆ) ဒုတိယဦးစီးမှူးအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၅) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ် ရမည်။
အငယ်တန်းစာရေးနှင့် စာရင်းကိုင်(၄)အဖြစ် ခန့်ထားခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ရုံးချုပ်နှင့် နေပြည်တော်အတွင်းရှိ စီမံကိန်းဦးစီးရုံးများ၊ ကချင်ပြည်နယ်အတွင်းရှိ စီမံကိန်းဦးစီးရုံးများနှင့် ကရင်ပြည်နယ်အတွင်းရှိ စီမံကိန်းဦးစီးရုံးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဇ) အထက်ဖော်ပြပါရာထူးများအတွက် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၂,၀၀၀ (ကျပ်နှစ်ထောင်တိတိ)ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး များ၏ ငွေစာရင်းအမှတ်များသို့ ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲပါရှိရပါမည်-

(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၂)ပုံ (ဓါတ်ပုံကျောဘက်တွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
(စ) ယခင်ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သောတစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း
(ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ည) ကျန်းမာရေးကောင်းမွန်ကြောင်းသက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ဆေးစစ်ထောက်ခံချက်မူရင်း

၅။ လျှောက်လွှာများကို ရုံးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများသို့ ၃၀-၄-၂၀၂၅ ရက်နေ့၊ ၁၆:၀၀နာရီ နောက်ဆုံးထား၍ အရောက်ပြန်လည်ပေးပို့ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာန အကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရန်ဖြစ်ပြီး၊ လျှောက်လွှာမူရင်းခွဲတစ်စောင်ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ ၃၀-၄-၂၀၂၅ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ပြည်နယ် စီမံကိန်းဦးစီးရုံး ရုံးစိုက်ရာ မြို့ကြီးများ၌ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို စစ်ဆေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.mopf.gov.mm အောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန Web Pageနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းဦးစီးရုံးများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၁)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)၊ အုပ်ချုပ်ရေး ကဏ္ဍ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၇၀၂၀၊ ၀၆၇-၄၀၇၅၁၇ သို့ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၈)၊ မြေကွက်အမှတ် (၇၇၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးပါပါရောင်း (၁၂/အစန (နိုင်) ၁၅၇၀၅၇) (ISN- ၂၂၆၂၀၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရန်ဖုံးလုံး (၁၃/လရန (နိုင်) ၀၀၂၄၀၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေတိုင်းလမ်း၊ မြေကွက်အမှတ် (၁၈၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသိန်းအောင် (PBU - ၀၃၄၂၆၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၈၇)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်လှ (၁၂/ပဇတ (နိုင်) ၀၀၆၃၇၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးပြည့်ဖြိုးအောင်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/A)၊ သစ္စာလမ်း၊ မြေကွက်အမှတ် (၁၃၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသက်တင် (၁၂/ကမရ (နိုင်) ၀၁၂၉၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၃၉)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းညွှန့်စိုး (၁၂/စခန (နိုင်) ၀၇၃၃၈၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြတ်လေးလမ်း၊ မြေကွက်အမှတ်(၁၅၁၄)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးကျော်စွာ (၇/ကဝန (နိုင်) ၀၈၀၄၀၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးကျော်စွာ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၅၅၂/၂၀၁၁)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြဇာဇာစိုး (၁၂/ဒဂရ (နိုင်)၀၀၈၅၉၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးပြည့်ဖြိုးအောင်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၇)၊ ဦးပိုင်အမှတ်(၂၆)၊ ၆၂လမ်း၊ ၃၁x၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အုံးတင် ၉/မရမ(နိုင်)၀၃၁၄၆၅ က အမှုတွဲအမှတ် (၆၇၅၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၅)၊ ဦးပိုင်အမှတ်(၆၁)၊ ၈၇x၈၈ကြား၊ ၁၉x၂၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးသန့် ၉/မနမ(နိုင်)၀၄၉၆၃၀ က အမှုတွဲအမှတ် (၆၇၅၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀/၁) မြေကွက်အမှတ်(၂-က)၏ မြေချိန်ရေိယာ ၃ ဒသမ ၉၂၅ဧကနှင့် မြေကွက်အမှတ် (၂-ခ)၏ မြေချိန်ရေိယာ ၁ ဒသမ ၆၀၈ ဧက စုစုပေါင်းမြေချိန်ရေိယာ ၅ ဒသမ ၅၃၃ ဧကပေါ်တွင်ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ ဦးကောင်းထက်ဇော် (ဘ)ဦးသိန်းဇော် ၉/မဟမ(နိုင်)၀၂၂၈၄၁ ပိုင်ဆိုင်သော တိုက်အမှတ်(၆)၊ (၇) လွှာ၊ အခန်းအမှတ်(၃) တိုက်ခန်း၏ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်စွဲပါ ပိုင်ဆိုင်မှုစာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအိရွှေစင် ( LL.B ) (စဉ်-၁၃၄၁၉)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိ(၅)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ အမှတ်(၈၉)၊ (၁၁ပေခွဲx၄၇)ပေအကျယ်ရှိ ဒါဘာ (ခေါင်းရင်းဘက်ခြမ်း)ဟု ခေါ်တွင်သော တိုက်ခန်းနှင့်တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့် ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် အဆိုပါတိုက်ခန်းအား ဆက်လက်အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသူဇာနှင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၁၆)**
**ဖုန်း-၀၉-၂၅၄၂၈၀၂၄**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်မင်းထွန်း (ဘ)ဦးကျော်တင့် ၉/မနမ (နိုင်)၁၀၉၃၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံ ရပ်ကွက်၊ ၅၉လမ်း၊ ၂၅ နှင့် ၂၆ ကြားတွင် နေထိုင်သူဖြစ်ပြီး **"ရွှေမန်းတောင်အောင်မြေ"** အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း **(SHWE MANN TAUNG AUNG MYAY COMPANY LIMITED)**အား တရားဝင်လုပ်ငန်းလိုင်စင်၊ ကုမ္ပဏီလိုင်စင်ဖြင့် တည်ထောင်လုပ်ကိုင်လည်ပတ်လျက်ရှိသည်မှာ ယနေ့အချိန်ထိပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေလုပ်ငန်းဖြစ်သော **"ရွှေမန်းတောင်အောင်မြေ"** အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းကို လည်းကောင်း၊ ဦးအောင်မင်းထွန်းကို လည်းကောင်း ဂုဏ်သိက္ခာကျဆင်းစေသော လုပ်ငန်းအပေါ် ထိခိုက်နစ်နာစေနိုင်သော ပြောဆိုမှု၊ ရေးသားမှု၊ ကြေညာမှု၊ အသရေဖျက်မှု တစ်စုံတစ်ရာ ပြုလုပ်သည်ကို တွေ့ရှိရပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မင်းထွန်း (ဘ) ဦးကျော်တင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသာထက်လင်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၂၄၄)**
**မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၇၀၁၀၀၂၅၅**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### ရမည်းသင်းခရိုင်တရားရုံး
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇နှင့်ဆက်နွှယ်သည့်
